# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

# (Thayninga Institute for Strategic Studies – TISS)

## မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၁)၊ ဇန်နဝါရီလ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ ဇန်နဝါရီလ အတွက် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်း အချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁. ၁. ၂၀၂၂ | ၂၀၂၂ ခုနှစ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားရာ ယခုနှစ်သည် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်ရမည့်နှစ် ဖြစ်ကြောင်းနှင့် သက်ဆိုင်သူ အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဖိတ်ခေါ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းစေရေး အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။ |
| | | ကိုဗစ် – ၁၉ ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်ရန် ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများ အားလုံးကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်းနှင့် ကယ်ဆယ်ရေးလေယာဉ် (သို့) အထူးလေယာဉ်ဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့် ရရှိနိုင်ရန်အတွက် ထိုနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်ရန်၊ လာရောက်မည့် ခရီးသည်အားလုံးသည် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာချက် ထုတ်ပြန်သည်။ |
| | | ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths က ၂၀၂၁၊ ဒီဇင်ဘာ (၂၄) ရက်က ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့် ပတ်သက်၍ ဒီဇင်ဘာ (၂၆) ရက်တွင် အချက် (၅) ချက်ပါ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ရာ ယင်းဖြစ်စဉ်တွင် ကလေးငယ် တစ်ဦး အပါအဝင် လူ (၃၅) ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် Save The Children အဖွဲ့မှ ဝန်ထမ်း(၂)ဦးအား တပ်မတော်မှ ဖမ်းဆီးထားပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အရပ်သားများအပေါ် တိုက်ခိုက်ခဲ့မှုကို ရှုတ်ချကြောင်းနှင့် ကျူးလွန်သူများကို အမြန်ဆုံးတရားစီရင်နိုင်ရေး စုံစမ်းစစ်ဆေးမှုများ ချက်ချင်းလုပ်ဆောင်ရန် တိုက်တွန်းကြောင်း၊ တပ်မတော် အပါအဝင် လက်နက်ကိုင်အဖွဲ့များကိုလည်း ပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေး ကာကွယ်ပေးရန် တိုက်တွန်းကြောင်း ဖော်ပြထားသည်။ |
| | | ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ကြေညာချက်တွင် ပါရှိသော ဖြစ်စဉ်အကြောင်းရင်းမှာ ဒီဇင်ဘာလ (၂၄) ရက် နံနက်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီးသို့ ရောက်ရှိချိန်တွင် မော်တော်ယာဉ် (၇) စီးအား လုံခြုံရေးအရ စစ်ဆေးရန် ရပ်တန့်စေသည်ကို မလိုက်နာပဲ လက်နက်ငယ်များဖြင့် ပစ်ခတ်မောင်းနှင်ထွက်ပြေးခဲ့ပြီး အနီးရှိ တောင်ကုန်းများပေါ်မှ အကြမ်းဖက်သမား (၁၀) ဦးခန့်က အာပီဂျီ၊ ဗုံးပစ်လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် KNPP နှင့် PDF အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်း တက်ရောက်ရန် စုဆောင်းလာသည့် လူသစ်အချို့အား လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ခေတ်ဆီ၊ ဒီဇယ်နှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် (၇) စီးမှာ မီးလောင်ပျက်စီးခဲ့ကြောင်း၊ အဆိုပါအဖွဲ့သည် ယင်းနေ့ နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် ခရီးသည်တင်လေယာဉ်အား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ် |

| | | |
|---|---|---|
| | | တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက်ထွက်ပြေးလာသည့် အဖွဲ့ဖြစ်သည်ကို ဒေသခံများမှ တစ်ဆင့် စုံစမ်းသိရှိရကြောင်း သတင်းမှန်ပြန်ကြားရေးမှ ထုတ်ပြန်သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အင်းစိန်မြို့နယ်၊ ဒလမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပူးပေါင်းလုပ်ဆောင်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူ (၉) ဦးကို စစ်ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀(က)နှင့် ၅၀(ည)တို့ အရ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်တွင် "ထောင်ဒဏ် တစ်သက်" ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရှိရသည်။ |
| | | ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၌ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ ည ၇ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားရခြင်းမှာ အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမျိုးသား (၄) ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။ ပေါက်ကွဲမှုဖြစ်သည့် နေရာအနီးမှ ပျက်စီးနေသော ပစ္စတိုသေနတ် (၁) လက်နှင့် ကျည် (၂) တောင့် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းမှန်ပြန်ကြားရေးမှ ထုတ်ပြန်သည်။ |
| ၂။ | ၂. ၁. ၂၀၂၂ | အိန္ဒိယ – မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ်အတွင်းတွင် လက်နက်များ သိုလှောင်ထားသည့် စတိုခန်းတစ်ခုကို ဒီဇင်ဘာ (၃၁) ရက်က တွေ့ရှိသိမ်းဆည်းရမိကြောင်း အာသံရိုင်ဖယ်တပ်ဖွဲ့က စနေနေ့က ပြောကြားသည်ဟု အိန္ဒိယသတင်းများတွင် ဖော်ပြသည်။ အာသံရိုင်ဖယ်တပ်ဖွဲ့နှင့် မီဇိုရမ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး Siaha ခရိုင်၊ Mawhre ကျေးရွာကို ဝင်ရောက်ရှာဖွေရာမှ ဂျယ်လတင်းအချောင်း ၃၅၉ ကီလို၊ ဖောက်ခွဲရာတွင် အသုံးပြုသည့် အရည် ၈၁ ကီလိုတို့ အပါအဝင် ကျည်ဆန်၊ ကျည်ကပ်များနှင့် လမ်းဘေးထောင်ဗုံး IED များတွင် အသုံးပြုသည့် ပစ္စည်းများ၊ ဘတ်ထရီများ၊ စနက်တံများနှင့် စကားပြောစက်များလည်း သိမ်းဆည်းရမိကြောင်း သိရသည်။ |
| | | နှစ်သစ်ကူးကာလတွင် ထိုင်းနိုင်ငံထဲသို့ အလုပ်အကိုင် ရှာဖွေလိုသည့် တရားမဝင် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ဆက်တိုက်ဝင်ရောက်လာသောကြောင့် ဖမ်းဆီးမှုများရှိနေရာ ယခုရက်ပိုင်းအတွင်း ဖမ်းဆီးခံရသူ (၂၀၀) ကျော်ရှိကြောင်း မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ ဥက္ကဋ္ဌ ဦးမိုးကြိုးက ပြောသည်။ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အတွင်း၌ တရားမဝင် ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄၆) ယောက်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဘန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြသည်။ |
| | | ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်ရှိ လူနေအိမ်များကို ဇန်နဝါရီ (၁) ရက်၊ ည ၇ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် (၁၀) လုံးနှင့် ဆေးရုံနားနေဆောင် (၁) လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၅ သိန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာလ (၈) ရက်နှင့် နိုဝင်ဘာလ (၂၄) ရက်တို့တွင် အမှတ်(၂)ရပ်ကွက်ရှိ လူနေအိမ်အချို့ကို လည်းကောင်း၊ အောက်တိုဘာ (၂၉) ရက်တွင် အမှတ်(၁)ရပ်ကွက်၊ ဘောလုံးကွင်းအနီးရှိ နေအိမ်များနှင့် မီးလောင်လွယ်သည့် ပစ္စည်းများကိုလည်းကောင်း မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သဖြင့် လူနေအိမ် (၁၁၃) လုံး၊ ဘုရားရှိခိုးကျောင်း (၃) ကျောင်းနှင့် ဆေး ဆိုင်ခန်း (၁) လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ |

| | | |
|---|---|---|
| | | ဇန်နဝါရီ (၁) ရက်၊ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့) ရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာ မူလတန်းကျောင်းအား လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ခြံစည်းရိုးအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါနေရာမှ လက်လုပ်မိုင်း ပေါက်ကွဲထားသည့် PVC ပိုက် အပိုင်းအစများ တွေ့ရှိရပြီး ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာနှင့် ပေ ၂၀ ခန့်အကွာတွင် PVC ပိုက် (၁) ခုနှင့် ကီးပက်ဖုန်း (၁) လုံးတို့အား ဝါယာကြိုးဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း (၁) လုံးအား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ |
| ၃။ | ၃. ၁. ၂၀၂၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ဘုတလင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် (၂) စီးအား PDF များက မိုင်းဆွဲတိုက်ခိုက်သဖြင့် တစ်စီးပျက်စီးကာ ဝန်ထမ်း (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရေဦးဆေးရုံမှ ယာဉ်မောင်း (၂) ဦးနှင့် ဆေးရုံလုပ်သား(၂) ဦးတို့က ဆေးရုံပိုင်လူနာတင်ယာဉ် (၂) စီးဖြင့် ပစ္စည်းများတင်ဆောင်လာစဉ် မြောက်ကျီကျေးရွာ အနီးတွင် PDF များက လမ်းဘေးမှ လက်လုပ်မိုင်း (၂) လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူနာတင်ယာဉ်တစ်စီး၏ ယာဘက်ခြမ်း ရှေ့/နောက်ဘီးများ ပျက်စီးခဲ့ပြီး ယာဉ်မောင်း တစ်ဦးနှင့် ဆေးရုံလုပ်သားတစ်ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရှိရသည်။ |
| | | ဇန်နဝါရီလ (၂) ရက်၊ နံနက် (၉) နာရီခွဲအချိန်တွင် ရှားတောမြို့နယ်၊ ရှားတော – လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ် (၃၉) အနီး အရှည်ပေ (၆၀) ရှိ သံကူကွန်ကရစ်တံတားအား KNPP နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်း အလယ်၌ (၈) ပေ ပတ်လည်ခန့် ပွင့်ထွက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ |
| ၄။ | ၄. ၁. ၂၀၂၂ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဟွန်ဆန်သည် ဇန်နဝါရီလ (၇) ရက်မှ (၈) ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရမည်မဟုတ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောဆိုခဲ့သည်ဟု RFA သတင်းတွင် ဖော်ပြသည်။ ဒီဇင်ဘာ (၃၁) က ရန်ကုန်မြို့ ကမ္ဘောဒီးယားသံရုံးအနီး ဗုံးပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့သော်လည်း မစ္စတာဟွန်ဆန်၏ မြန်မာပြည်ခရီးစဉ်တွင် အပြောင်းအလဲ မရှိနိုင်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရ Koy Kuong က ပြောခဲ့သည်။ ကမ္ဘောဒီးယားသည် ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် နိုင်ငံဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်း အင်ဂါးကျေးရွာသို့ KIA နှင့် PDF အင်အား (၈၀) ဦး ခန့် ရောက်ရှိနေကြောင်း သတင်းရရှိခဲ့၍ နေ့လယ် (၂) နာရီခွဲခန့်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ရာ ညနေ ၄ နာရီခွဲခန့်ထိ အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ ၎င်းတို့ထံမှ လက်လုပ်သေနတ်(၃)လက်၊ အိုင်ကွန် အထိုင်စက်(အကြီး) (၁)လုံး၊ လမ်းလျှောက်စကားပြောစက် (၁)လုံးနှင့် ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ |
| | | မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပထမအကြိမ် ရေကြောင်းတိုင်းတာရေးဆိုင်ရာ ပူးတွဲကော်မတီ အစည်းအဝေး (1st Joint Committee Meeting–JCM) တက်ရောက် |

| | | |
|---|---|---|
| | | ရန် အိန္ဒိယရေတပ်မှ ရေကြောင်းတိုင်းတာရေးဆိုင်ရာ အကြီးအကဲဖြစ်သူ Vice Admiral Adhir Arora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ဇန်နဝါရီလ (၈) ရက်နေ့အထိ (၅) ရက်ကြာ နေထိုင်ပြီး ပူးတွဲကော်မတီ အစည်းအဝေးတက်ရောက်ခြင်းနှင့် ရန်ကုန်မြို့ အထင်ကရနေရာများသို့ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။ |
| ၅။ | ၅. ၁. ၂၀၂၂ | ဇန်နဝါရီလ (၃) ရက်၊ ည (၁၀) နာရီအချိန်တွင် မြိုင်မြို့နယ်၊ စိုကန်ကျေးရွာရှိ “စိုကန်” ဘုန်းကြီးကျောင်းဝင်းတွင် ကျောင်းထိုင်ဆရာတော် ဦးဉာဏိကနှင့် ကျောင်းနေသံဃာ (၄) ပါး၊ အာဂန္တုဆရာတော် တစ်ပါး၊ စိုကန်ကျေးရွာနေ မောင်ထွေးလင်းတို့ အတူရှိနေစဉ် PDF အကြမ်းဖက်သမား (၂၀) ဦးခန့်သည် သေနတ်များကိုင်ဆောင်ပြီး မြိုင် – ကမ္မ ကားလမ်းအတိုင်း ဆိုင်ကယ်များဖြင့် ကျောင်းဝင်းအတွင်းသို့ ဆဲဆိုအော်ဟစ် ဝင်ရောက်လာခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်နှင့် သံဃာအချို့ တိမ်းရှောင်ခဲ့ရကြောင်း၊ PDF များသည် သိမ်ကျောင်းအတွင်း ကျန်ရှိနေသည့် အာဂန္တုဆရာတော်ထံမှ လက်ကိုင် ဖုန်း (၂) လုံး လုယက်ယူဆောင်ကာ ကျောင်းတိုက်ဘေးရှိ Mark II မော်တော်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ပြီး လက်လုပ်မိုင်း (၂) လုံးဖြင့် ဖောက်ခွဲခဲ့ရာ ပေါက်ကွဲခြင်း မရှိခဲ့ကြောင်း၊ ယင်းနောက် မြိုင် – ကမ္မ ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ |
| ၆။ | ၆. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်မှ (၈) ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဖြစ်ကာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် အာဆီယံ အပါအဝင် ဒေသဆိုင်ရာ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ |
| | | တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၃) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲ အခမ်းအနားကို မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် တက်ရောက် မိန့်ခွန်း ပြောကြားပြီး ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများ အပ်နှင်းခဲ့သည်။ |
| | | ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲခြင်းအပေါ် အခွန်ကောက်ခံမှုကို လေ့လာရာ ပုံမှန်ကုန်သွယ်လုပ်ငန်းခွန်အပြင် ကဏ္ဍအလိုက် သီးခြားအခွန် (Sector specific tax) ကိုပါ ကောက်ခံလျက်ရှိကြောင်း တွေ့ရှိရသော်လည်း ယင်းသီးခြားအခွန်ကို မြန်မာနိုင်ငံတွင် ယနေ့အထိ ကောက်ခံခြင်း မရှိသေးပေ။ ထို့ကြောင့် အင်တာနက်ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံနိုင်ရန် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ထည့်သွင်းပြင်ဆင် ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရသည်။ ဖုန်းခေါ်ဆိုမှုနှင့် SMS သုံးစွဲမှုများအတွက်မူ ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံမည် မဟုတ်ပေ။ |
| ၇။ | ၇. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် အလုပ်သဘောခရီးစဉ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် |

| | | |
|---|---|---|
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ |
| | | မြန်မာ – ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပုဂံဒေသနှင့် ဆီယံရိဒေသကြား ခရီးသွားမိတ်ဖက်မြို့အဖြစ် သတ်မှတ်ဆောင်ရွက်မှုများ၊ ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့်အချိန်တွင် လေကြောင်းလိုင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုကို သက်တမ်းတိုးမြှင့်နိုင်ရေး ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများအနေဖြင့် စည်းလုံးရန် ကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံမှ ကူညီမှုများနှင့် ငြိမ်းချမ်းရေးအတွက် ပါဝင်ကူညီလိုသည်ကို အထူးကျေးဇူးတင်ကြောင်း ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။ |
| | | ကယားပြည်နယ် ဟွေပုံလောင်း – ကောက်ကောက် ဒေသအတွင်းရှိ ကျားပါးစပ်ကြီး စခန်းအား ယနေ့ နံနက်အစောပိုင်းတွင် KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက အလစ်အငိုက်ရယူ၍ သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ တပ်ဖွဲ့ဝင်များက စခန်းမှခေတ္တဆုတ်ခွာခဲ့ပြီး ကြိုတင်စီမံထားသည့် လေကြောင်း၊ လက်နက်ကြီးပစ်ကူများဖြင့် တန်ပြန်တိုက်စစ်ဆင် ချေမှုန်းခဲ့သည့်အပြင် တပ်ကူများ အမြန်ဆုံး ဖြည့်တင်းနိုင်ခဲ့သဖြင့် မွန်းလွဲပိုင်းတွင် စခန်းပြန်လည်ရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များသည် အရှေ့မြောက်ဘက်သို့ သေဆုံး၊ ဒဏ်ရာရရှိမှုများဖြင့် ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် တပ်မတော်ဘက်မှ အရာရှိ စစ်သည်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့် လက်နက်/ခဲယမ်းအချို့ အပါအဝင် ဆက်စပ်ပစ္စည်းတို့အား သိမ်းဆည်းရရှိခဲ့ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်သည်။ |
| | | အကြမ်းဖက်သမားများ၏ ဖောက်ခွဲမှုကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် ကံကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း မီးလောင်ပျက်စီးခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာရှိ အထက်တန်းကျောင်းနှင့် တွင်းမကျေးရွာရှိ အထက်တန်းကျောင်းတို့အား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးရာ အုတ်တံတိုင်းနှင့် ကျောင်းဆောင်တို့ အနည်းငယ်ပျက်စီးခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်ရှော့တိုက်မိုင်းတစ်လုံးကို ဖောက်ခွဲ ရှင်းလင်းခဲ့ရသည်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ MITT တက္ကသိုလ် တောင်ဘက်ဝင်ပေါက်ရှေ့တွင် ပုလင်း (၇) လုံး ထောင်ထားပြီး အဆိုပါပုလင်းများ အလယ်ရှိ ကတ်ထူစက္ကူပုံးမှ ပေါက်ကွဲခဲ့ရာ |

| | | |
|---|---|---|
| | | လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိခဲ့ချေ။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာရှိ အထက်တန်း ကျောင်းဝင်ပေါက် လုံခြုံရေးဂိတ်တဲအတွင်းရှိ မြေကြီးအတွင်းမှ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် (၂) ဦးနှင့် ကျောင်းသားမိဘတစ်ဦး မိုင်းစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး ယင်းနေရာမှ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး ထပ်မံတွေ့ရှိရသဖြင့် ရှင်းလင်းခဲ့ရသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တတ်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ပါဝင်ဆောင်ရွက်ခဲ့သူများ နှင့် ဆက်စပ်သူ (၉) ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)၊ ၅၀(ည)အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်၊ မြောက်ဥက္ကလာပမြို့နယ်၌ပင် အုပ်ချုပ်ရေးအဖွဲ့ဝင်များအား နှောင့်ယှက်တားဆီးခြင်းနှင့် ရာအိမ်မှူးတစ်ဦး၏ နေအိမ်အား လက်လုပ်ချိန်ကိုက်ဗုံးဖြင့် ပေါက်ခွဲရန်ကြိုးစားခဲ့ခြင်းတို့အတွက် ပါဝင်ခဲ့သူ (၁၀) ဦးအား အလုပ်ကြမ်း နှင့် ထောင်ဒဏ် ၂၀ နှစ် ပြစ်ဒဏ်၊ ရွှေပြည်သာမြို့နယ်တွင် ရာအိမ်မှူးတစ်ဦးအား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ခဲ့သူ (၄) ဦးကို သေဒဏ် အမိန့်ချမှတ်ခဲ့သည်။ |
| ၈။ | ၈. ၁. ၂၀၂၂ | ဇန်နဝါရီလ (၇) ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ (၃၆)လမ်းရှိ မြို့နယ်ပညာရေးမှူးရုံးအား ဆိုင်ကယ်စီးလာသည့် အကြမ်းဖက် အမျိုးသား(၂)ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပစ္စည်းအချို့ပျက်စီးခဲ့ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာရှိ မူလတန်းကျောင်းကိုလည်း အကြမ်းဖက်သမားများက လက်လုပ်မိုင်း (၂) လုံးဖြင့် ဖောက်ခွဲခဲ့သဖြင့် ဦးအောင်သူ (၃၂)နှစ်တွင် မျက်လုံးအနီးမိုင်းစထိမှန်ဒဏ်ရာ (၁)၊ ဝမ်းဗိုက်မိုင်းစထိမှန် ဒဏ်ရာ (၁)၊ ဝဲလက်ဖျံ မိုင်းစထိမှန် ဒဏ်ရာ (၁) တို့ ရရှိခဲ့သည်။ ယင်းနေရာတစ်ဝိုက် စစ်ဆေးခဲ့ရာ ဒန်အိုးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း(၁)လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း (၁) လုံးတို့အား သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြခဲ့သည်။ |
| | | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် နံနက်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ ပြည်တော်သာကျောင်းတိုက် ဆရာတော် ဦးဇဝနသည် ၎င်း၏မွေးနေ့ပွဲပြုလုပ်မှုအား Live လွှင့်ခဲ့ရာ ၎င်းရုပ်သံတွင် ဦးဇဝနသည် သံဃာ့ဝိနည်းနှင့် မညီသည့်အပြင် သာသနာ ညှိုးနွမ်းစေနိုင်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သောကြောင့် ဇန်နဝါရီလ (၃) ရက်တွင် မွေးနေ့ပွဲကျင်းပခဲ့ရာ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်ရှိ ဇော်မျိုးအောင်၏ နေအိမ်၌ ဇော်မျိုးအောင် အပါအဝင် ပူးပေါင်းပါဝင်သူ (၁၃) ဦး နှင့်အတူ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ စိစစ်ဖော်ထုတ်ချက်များအရ ဦးဇဝန (ခ) ဇာနည်ကိုကိုအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅၊ ၅၀၅–က၊ လောင်းကစားဥပဒေတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု သတင်းထုတ်ပြန်သည်။ |
| | | မကွေးတိုင်းဒေသကြီး၊ မမြိုင်မြို့နယ်၊ ရွာကုန်းကျေးရွာရှိ မဟာနန္ဒီ မကျည်းတောကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် ကျောင်းထိုင်ဆရာတော် ဉူးခေမာသာရ (၄၈) နှစ်၊ ဝါတော်(၂၀)ဝါနှင့် ဖခင်ဖြစ်သူ ဦးလှပြုံးတို့ (၂) ဦးသည် ကျောင်းတိုက်၌ရှိစဉ် ဇန်နဝါရီလ (၇) ရက်၊ ည (၇) နာရီခန့်တွင် PDF အကြမ်းဖက်သမားများ ရောက်လာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။ |

| | | |
|---|---|---|
| ၉။ | ၉. ၁. ၂၀၂၂ | ဇန်ဝါရီလ (၉) ရက်နေ့၊ နံနက် ၅ နာရီအချိန်တွင် တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့တွင် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ မိုင်းထောင်သူအမျိုးသားသည် လက်ချောင်းများပြတ်ကာ မျက်နှာမိုင်းစထိမှန်ဒဏ်ရာနှင့် သေဆုံးခဲ့သည်။ အဆိုပါနေရာတစ်ဝိုက် စစ်ဆေးခဲ့ရာ စည်ပင်ရုံးဝင်ပေါက် ပန်းခြံအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရီမုမိုင်း (၁) လုံး ထပ်မံတွေ့ရှိပြီး သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ |
| | | PDF အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းကြောင့် ဇန်နဝါရီလ (၇) ရက်၊ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်းရှိ တကောင်းနီကယ်စက်ရုံ၏ အရှေ့ဘက်တွင် ပေါက်ကွဲခဲ့ပြီး လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့သဖြင့် စစ်ဆေးရာ စက်ရုံအနီးတစ်ဝိုက်တွင် ပေါက်ကွဲပျက်စီးမှု မတွေ့ရှိဘဲ ၂၂၀ ကေဗွီ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် T-၂၄၅ နှင့် T-၂၄၄ တို့ အောက်ခြေမှကျိုး၍လဲနေပြီး တိုင်အမှတ် T-၂၄၃ တွင် အောက်ခြေတိုင်များ တိမ်းစောင်းပြတ်ထွက် ပျက်စီးခဲ့ကြောင်း တွေ့ရှိရသည်။ |
| ၁၀။ | ၁၀. ၁. ၂၀၂၂ | PDF အကြမ်းဖက်သမား အင်အား (၅၀) ဦးခန့်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဦးနှောက်ကျေးရွာ၌ စုဝေးနေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးစဉ် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး ကျေးရွာတောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း၊ အကြမ်းဖက်သမား (၅) ဦးကို အသေဖမ်းဆီးရမိပြီး လက်နက်ခဲယမ်းနှင့် အခြားဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိကြောင်း သိရှိရသည်။ |
| ၁၁။ | ၁၁. ၁. ၂၀၂၂ | ၂၀၂၁၊ ဒီဇင်ဘာ (၂၄) ရက်က ကယားပြည်နယ်၊ ဖရူဆိုမြို့၊ မိုဆိုကျေးရွာအနီး ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြန်လည်စစ်ဆေးခဲ့ရာ ယင်းနေ့က တရားမဝင် ဖောက်လုပ်ထားသော ဒီးမော့ဆို – ကွိုင်ငံရွာဟောင်း – ဒေါ့ကယားခူ – မိုဆို မြေသားလမ်းမှ မသင်္ကာဖွယ် ကား(၇)စီး မောင်းနှင်လာသည်ကို တွေ့ရသဖြင့် စစ်ဆေးရန် ရပ်တန့်စေရာ မရပ်ဘဲ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာတွင် အနီးရှိ တောင်ကုန်းများပေါ်မှလည်း လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်လာကြောင်း၊ ပစ်ခတ်မှုကြောင့် နှစ်ဖက်အကြား ရောက်ရှိနေသည့် ယာဉ်များပေါ်တွင် တင်ဆောင်လာသော စက်သုံးဆီများ ပေါက်ကွဲမီးလောင်ပြီး ကျန်ယာဉ်များသို့ မီးကူးစက်ခဲ့ကြောင်း၊ ယာဉ်ပေါ်ပါသူများကို ကယ်ထုတ်ရန် ကြိုးစားသော်လည်း မီးအရှိန်နှင့် ပစ်ခတ်မှုများကြောင့် မကယ်တင်နိုင်ခဲ့ကြောင်း၊ နယ်ခြားစောင့် တပ်ဖွဲ့ဝင် (၄) ဦး သေဆုံးခဲ့မှုမှာမူ ကျေးရွာရှိ ရွာသားများမှ အကူအညီတောင်း၍ စခန်းမှ တပ်ဖွဲ့ဝင် (၄) ဦးသည် တာဝန်ရှိသူများထံ သတင်းမပို့ဘဲ လက်နက်ငယ်များ ယူဆောင်၍ အရပ်ဝတ်များဖြင့် လိုက်ပါသွားသည်ဟု သိရှိရပြီး KNPP နှင့် PDF များက ၎င်းတို့အား သတ်ဖြတ်ကာ လက်ပြန် ကြိုးတုပ်မီးရှို့ပြီး အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်ခြင်း ဖြစ်နိုင်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း တပ်မတော်မှ ထပ်မံသတင်း ထုတ်ပြန်သည်။ |
| | | ဇန်နဝါရီ ၁၀ ရက် ည ၈ နာရီမှ ဇန်နဝါရီ ၁၁ ရက် ည ၈ နာရီအထိ COVID – 19 ဓာတ်ခွဲနမူနာ (၁၂၅၄၂) ခုအား စစ်ဆေးရာ အတည်ပြုလူနာသစ် (၂၃၅) ဦး တွေ့ရှိပြီး (၂) ဦး ထပ်မံသေဆုံးကြောင်းနှင့် အိန္ဒိယနိုင်ငံမှ Relief Flight များဖြင့် ပြန်လာသည့် မြန်မာနိုင်ငံသား (၃) ဦးတွင် အိုမီခရွန်ရောဂါပိုး တွေ့ရှိကြောင်း ဇန်နဝါရီ ၁၁ ရက် ညပိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ |

| | | |
|---|---|---|
| | | ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် လုပ်သက်ပြည့်သွားပြီးနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းအောင်အား ဗိုလ်ချုပ်ကြီးရာထူးတိုးမြှင့်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)အဖြစ် တာဝန်ပေးအပ်လိုက်ကြောင်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးကို စစ်ဥပဒေချုပ်တာဝန်မှ အနားပေးလိုက်သည့် သတင်းများထွက်ပေါ်ခဲ့သည်နှင့် ပတ်သက်၍လည်း “စစ်ဥပဒေချုပ်ကတော့ အသစ်ပြန်တက်တာပေါ့။ သူကတော့ စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးအနေနဲ့ပဲ ဆက်ရှိပါမယ်” ဟု ဆိုသည်။ |
| | | PDF များသည် CDM မလုပ်သည့် ဆရာ၊ ဆရာများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ အထက(ပုတီး)ကျောင်းမှ မူလတန်းပြဆရာမနှင့် ၎င်း၏ခင်ပွန်းတို့အား ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ကသာမြို့နယ်၊ လက်ပန်ဇင်ကျေးရွာ မူလတန်းလွန်ကျောင်းနှင့် ကျောက်ထုံးကြီးကျေးရွာ အထက ကျောင်းတို့၌လည်း ကျောင်းမဖွင့်ရန်၊ ဖွင့်ပါက အသက်ကို အာမမခံနိုင်ကြောင်း၊ ကျောင်းကို မီးရှို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုပြီး ဆရာ၊ ဆရာမများအား ကန်ကျောက်ရိုက်နှက်ပြီး ဖုန်းများကို ယူသွားကြောင်း သိရသည်။ ဒေါင့်ကြီးကျေးရွာ အထက(ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုလည်း ဖုန်းဆက်သွယ်ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ငွေတွင်းကျေးရွာနေ အမျိုးသား (၅) ဦး၊ အမျိုးသမီး (၁) ဦးတို့သည် မန္တလေးမြို့သို့ ကွမ်းရွက်ခြင်းများ သွားရောက်ရောင်းချပြီး ပြန်လာစဉ် ဝက်လက်မြို့နယ်၊ ရွှေပန်းကုံးကျေးရွာနှင့် သမရိုးကျေးရွာကြား တံတားသို့အရောက် PDF များက ဒေသန္တရလုပ် ဆွဲမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ယာဉ်ပေါ်ပါသူများကို ယာဉ်ပေါ်မှ ဆင်းခိုင်းကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ကွမ်းရောင်းရငွေ ကျပ်သိန်း (၁၀၀) ခန့်အား ယူဆောင်သွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ယာဉ်ပေါ်ပါသူများ အားလုံးသေဆုံးခဲ့ပြီး ယာဉ်မောင်းမှာ သေနတ်ဒဏ်ရာများ ရရှိခဲ့ကြောင်း  သိရှိရသည်။ |
| | | မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် အထကခွဲ(အပေါ်) ကျောင်းမှ ကျောင်းအုပ်ဆရာ ဦးသက်နောင်ထွန်းအား ချင်းပြည်နယ် ကန်ပတ်လက်မြို့နယ်ဘက်မှ PDF အင်အား (၄၀) ဦးခန့်က CDM ပြုလုပ်ခြင်းမရှိဘဲ ကျောင်းဖွင့်လှစ်ထားသည်ဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ငွေကျပ်သိန်း (၁၀၀) ဖြင့် လာရောက်ရွေးယူရန် ပြောဆိုခဲ့သဖြင့် ကျေးရွာရပ်မိ၊ ရပ်ဖများက ကျေးရွာပြည်သူများထံမှ ကောက်ခံရရှိငွေ ကျပ်သိန်း (၃၀) ဖြင့် ကျေးရွာ အနောက်ဘက်တောအတွင်းသို့ သွားရောက်ပေးအပ် ညှိနှိုင်းခဲ့ရာ မွန်းလွဲ (၁) နာရီခန့်တွင် ပြန်လည်လွှတ်မြောက်ခဲ့ကြောင်း သိရှိရသည်။ |
| ၁၂။ | ၁၂. ၁. ၂၀၂၂ | KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များသည် ကယားပြည်နယ်၊ လွိုင်ကော် အကျဉ်းထောင်အပါအဝင် လူနေရပ်ကွက်အတွင်း လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။ KNPP နှင့် PDF များသည် စစ်ရေးဆိုင်ရာ ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများ၊ လူနေရပ်ကွက်များကို အကာအကွယ်ရယူ တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အသုံးချခြင်း၊ အကျဉ်းသား ရာဂဏန်းမျှရှိသည့် နယ်ဘက် အကျဉ်းထောင်ကို ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ |

| | | |
|---|---|---|
| | | အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ကြောင်း၊ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ |
| | | ဇန်နဝါရီ ၁၀ ရက်က ဘားအံမြို့နယ် ဘားအံ – လှိုင်းဘွဲ့သွားကားလမ်း ထီးဖိုးကလုံးစစ်ဆေးရေးဂိတ်တွင် နမစ(စက်မှုဇုန်) နယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး အောင်ဝင်းထွဋ်၊ ဒုတပ်ကြပ် မြတ်ကျော်ဟန်၊ BGF မှ တပ်သား ဖိုးချို၊ တပ်သား အောင်ကျော်တိုးတို့သည် နယ်မြေလုံခြုံရေး စစ်ဆေးဆောင်ရွက်နေစဉ် စစ်ဆေးရေးဂိတ်၏ အရှေ့မြောက်ဘက် ၁၅ ပေခန့် လှိုင်းဘွဲ့ဘက်မှ ဘားအံဘက်သို့ မောင်းနှင်လာသည့် Honda Fit ခဲရောင်ယာဉ်မှ လက်နက်ငယ်ဖြင့် အချက် (၃၀) ခန့် ပစ်ခတ်ပြီး လှိုင်းဘွဲ့မြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ပစ်ခတ်မှုကြောင့် ရဲတပ်ကြပ်ကြီး အောင်ဝင်းထွဋ်နှင့် တပ်သား ဖိုးချိုတို့ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့သည်။ |
| | | မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ထမ်း (၁) ဦး၊ ဌာနဆိုင်ရာဝန်ထမ်း (၃) ဦးနှင့် မိသားစုဝင် (၂) ဦးတို့အား အကြမ်းဖက်အဖွဲ့များက ဖမ်းဆီးသွားခဲ့သည်။ အထက်တန်းကျောင်းခွဲ(ဦးနှောက်)မှ အထက်တန်းပြ ဆရာတစ်ဦး၊ ကနီမြို့နယ်၊ ဝယာကျေးရွာနေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငယ်တန်းစာရေး (၂) ဦးနှင့် မိသားစုဝင် (၂) ဦး၊ ကလေးမြို့နယ် သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦး စုစုပေါင်း (၆) ဦးမှာ PDF အမည်ခံအကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရှိရသည်။ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၌ အသေးစားချေးငွေလုပ်ငန်း (PACT MYANMAR) မှ ချေးငွေကောက်ယူနေစဉ် အမျိုးသား (၆) ဦးက ငွေကျပ် သိန်း (၄၀) ကျော်အား လုယက်သွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီလ (၁၁) ရက်နေ့ မွန်းလွဲပိုင်းတွင် နွားဘန်းကြီးကျေးရွာရှိ အိမ်တစ်အိမ်၌ PACT MYANMAR အသေးစားချေးငွေလုပ်ငန်းမှ ချေးငွေကောက်ယူမှု ဆောင်ရွက်နေစဉ် အမျိုးသား (၆) ဦးသည် တူမီးသေနတ်များ ကိုင်ဆောင်၍ ဆိုင်ကယ် (၃) စီးဖြင့် ရောက်ရှိလာပြီး ချေးငွေကျပ်သိန်း ၄၀ နှင့် လက်ကိုင်ဖုန်း (၂) လုံးနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ကျောပိုးအိတ် (၂) လုံးတို့အား ခြိမ်းခြောက်၍ လုယက်ယူဆောင်သွားခြင်း ဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မဟာမြိုင်ရပ်ကွက်နေ အငြိမ်းစားဆရာဝန် ဦးတင်ရွှေ(၇၇)နှစ်၏ နေအိမ်တွင် အမျိုးသား (၄) ဦးက သေနတ်ပြခြိမ်းခြောက်၍ စုစုပေါင်း တန်ဖိုး ၆၃၁၀၀၀၀ ကျပ်ခန့်နှင့် ဘဏ်စာအုပ် (၃) အုပ်တို့အား လုယက်ယူဆောင်ကာ ဆိုင်ကယ်များဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။ အလားတူ မင်းကင်းမြို့နယ်၊ ဇနဖျင်းကျေးရွာတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်နက်ကြီး/ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် မောင်အောင်ကျော်ဟိန်း၊ အသက် (၁၀) နှစ် သေဆုံးခဲ့ကြောင်း သိရှိရသည်။ ပဲခူးတိုင်း ဒေသကြီး၊ ဖြူးမြို့နယ်၊ ဒိုင်းတရာ ကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင်လည်း ကျောင်းပိုင်ပစ္စည်းများကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ |
| ၁၃။ | ၁၃. ၁. ၂၀၂၂ | ဒေါ်အောင်ဆန်းစုကြည်၊ စီမံ/ဘဏ္ဍာ ဝန်ကြီးဟောင်း ဦးကျော်ဝင်းနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးဆက်အောင်နှင့် ဩစတြေးလျနိုင်ငံသား ရှောင်တာနယ်တို့အား အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် တရားစွဲထားသည့် အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေနှစ်ဦးဖြစ်သည့် ရဲအရာရှိတစ်ဦးနှင့် ရာအိမ်မှူးတစ်ဦးတို့ကို စစ်ဆေးခဲ့ကြောင်း |

| | | |
|---|---|---|
| | | Eleven Media တွင် ဖော်ပြသည်။ ဒက္ခိဏခရိုင်တရားသူကြီး တာဝန်ယူဆောင်ရွက်သည့် နေပြည်တော် ဇမ္ဗူသီရိအထူးတရားရုံးတွင် ဇန်နဝါရီ (၁၃) ရက်က အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁) (ဂ)ဖြင့် ၎င်းတို့ကို ရုံးထုတ်ခဲ့ကြောင်းနှင့် ဇန်နဝါရီ (၂၀) ရက်တွင် ထပ်မံစစ်ဆေးရန် ချိန်းဆိုထားကြောင်း သိရသည်။ |
| | | အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ နိုင်ငံ၀န်ထမ်းများနှင့် ပြည်သူများအား ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းတို့တွင် ပူးပေါင်းပါဝင်ခဲ့သည့် လှိုင်သာယာ(အရှေ့ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ ပြစ်မှုကျူးလွန်သူ (၅) ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ဈ)၊ ၅၀ (က) အရ ၂၀၂၂၊ ဇန်နဝါရီလ (၁၂) ရက်တွင် "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မရသိမ်ကျေးရွာရှိ မူလတန်းကျောင်းတွင် PDF အကြမ်းဖက်သမားများ စခန်းချအခြေပြုနေကြောင်း သတင်းအရ အဆိုပါကျေးရွာသို့ သွားရောက်ဖမ်းဆီးရာ ၎င်းတို့ အကာအကွယ် ရယူထားသော စာသင်ကျောင်းအတွင်းမှ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး နေ့လယ် ၁၂ နာရီခန့်တွင် ကျေးရွာ၏တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ထံမှ လက်နက်များနှင့် လက်လုပ်သေနတ် ပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ် (၆) စီးနှင့် ပြောက်ကျားယူနီဖောင်းများစသည့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။ |
| ၁၄။ | ၁၄. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။ |
| | | ဇန်နဝါရီ (၁၃) ရက် ည ၈ နာရီမှ ဇန်နဝါရီ (၁၄) ရက် ည ၈ နာရီအထိ COVID – 19 ဓာတ်ခွဲနမူနာ (၉၇၀၈) ခုအား စစ်ဆေးရာ အတည်ပြုလူနာသစ် (၁၂၆) ဦးအား တွေ့ရှိပြီး (၁) ဦး ထပ်မံသေဆုံးကြောင်း ဒီဇင်ဘာ (၁၄) ရက် ညပိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ အိုမီခရွန်ရောဂါပိုး တွေ့ရှိသူ (၃) ဦးရှိပြီး ယင်းတို့မှာ Relief Flight ဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဝင်ရောက်လာသူ (၂) ဦးနှင့် မလေးရှားနိုင်ငံမှ ဝင်ရောက်လာသူ တစ်ဦးဖြစ်ကြောင်း သိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာ စာသင်ကျောင်းရှိ အကြမ်းဖက်သမားများ နေရာကို သွားရောက်ချေမှုန်း တိုက်ခိုက်ခဲ့ပြီးသော်လည်း အဆိုပါအဖွဲ့များသည် ဇန်နဝါရီ ၁၃ ရက် ည ၉ နာရီခွဲခန့်တွင် ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီး ၎င်းတို့ စခန်းချခဲ့သည့် သက်သေများ မကျန်စေရန် စာသင်ကျောင်းအား မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထိုလုပ်ရပ်သည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ချေမှုန်းသွားမည်ဟု သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ |

| | | |
|---|---|---|
| | | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ (၁၇) ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးအိမ်ရာဝင်း တိုက် (၃)၊ အခန်း (၃) မြေညီထပ်ရှိ ရွှေလွယ်အင်းကုမ္ပဏီသို့ Mask တပ်ဆင်လျက် လက်နက်ကိုင်ဆောင်ထားသည့် လူ (၄) ဦး ဝင်ရောက်လာပြီး ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၃၀၀၀ ခန့် လုယူပြီး Estima အဖြူရောင်ယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ခဲ့သူ အမျိုးသား (၅) ဦး အား ဖမ်းဆီးရမိကြောင်း ဇန်နဝါရီ (၁၃) ရက်တွင် သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များအသွင် ဝတ်ဆင်ကာ ဝင်ရောက်လုယက်ခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ (၁၁) ရပ်ကွက်ရှိ ရာအိမ်မှူးတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုဖြင့် သူရလင်း(ခ)သူရနှင့် ဇော်သူရဓွန်း(ခ)မိုးဇော်သန်းတို့ နှစ်ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (က)/၅၄ အရ ၂၀၂၂၊ ဇန်နဝါရီ ၁၂ ရက်တွင် သေဒဏ်ချမှတ်ခဲ့ကြောင်း နစက သတင်းထုတ်ပြန်ရေးအဖွဲ့က ဖော်ပြခဲ့သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ယဉ်ကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ PDF အကြမ်းဖက်အဖွဲ့များ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက် ချေမှုန်းခဲ့ရာ ရွာတောင်ဘက်သို့ ထွက်ပြေးသွားကြောင်း၊ ၎င်းတို့နေထိုင်ခဲ့သည့် ဘုန်းကြီးကျောင်းအတွင်းမှ လက်လုပ် တစ်ထောင့်တိုး သေနတ် (၂၀)၊ ခါးချိုး ၁၂ ဗို့ သေနတ် (၁) လက်၊ အီနာဂါ ဗုံးသီး (၁) လုံး၊ ကျည်မျိုးစုံနှင့် အခြားဆက်စပ် ပစ္စည်းများ၊ ဆိုင်ကယ် (၂၀) စီး၊ ကား (၁) စီးနှင့် ရိက္ခာများ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ |
| ၁၅။ | ၁၅. ၁. ၂၀၂၂ | မြန်မာ့အရေးကိုဖြေရှင်းရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံပါကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားခဲ့သည်ဟု Phnom Penh Post သတင်းစာတွင် ဖော်ပြခဲ့သည်။ ဇန်နဝါရီလ (၁၄) ရက်တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဗီဒီယိုကွန်ဖရင့်စ် ပြုလုပ်ခဲ့စဉ်အတွင်း စင်ကာပူဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ ဆွေးနွေးမှုအတွင်း မြန်မာ့နိုင်ငံရေး အကျပ်အတည်း၊ ကမ္ဘောဒီးယားနှင့် စင်ကာပူတို့၏ COVID-19 ကပ်ရောဂါ အခြေအနေများနှင့် ပတ်သက်ပြီး အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။ |
| | | ဖုန်းဆင်းမ်ကတ်အသစ်ဝယ်ယူပါက ဆင်းမ်ကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် စတင်အသုံးပြုရန် ဝန်ဆောင်ခအခွန် (Activation Tax) ကောက်ခံခြင်းသည် ဆင်းမ်ကတ်အသုံးပြု၍ ကျူးလွန်သည့် ရာဇဝတ်မှုများ၊ ဥပဒေပြင်ပလုပ်ရပ်များကို ထိန်းချုပ်ရန်ဖြစ်ကြောင်း သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ထို့ပြင် ဆင်းမ်ကတ်များ အသုံးပြု၍ အင်တာနက် အလွန်အကျွံ သုံးစွဲခြင်းကြောင့် ရပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ လျော့ချပေးနိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ပြီး သတင်းမှားများ ဖြန့်ဝေခြင်းအပါအဝင် အခြားသော ပြစ်မှုများ ကျူးလွန်ပြီးနောက် ၎င်းဆင်းမ်ကတ်ကို လွှင့်ပစ်သည့် ဖြစ်စဉ်များအတွက် ထိန်းချုပ်ခြင်းသာဖြစ်ကြောင်း ၎င်းကပြောသည်။ |
| | | အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ (၈) ဦး၊ မြန်မာနိုင်ငံသား (၂) ဦးတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဇန်နဝါရီလ (၁၅) ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ (၁၀) ဦး အနက် (၈) ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်ပြီး ကျန် (၂) ဦးမှာ ဇန်နဝါရီ (၁၃) ရက်တွင် SARS-CoV-2 Variant Omicron ခတ်ခဲ့ |

| | | |
|---|---|---|
| | | အတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သည့် မိသားစုဝင်များဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ |
| ၁၆။ | ၁၆. ၁. ၂၀၂၂ | ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်းရှိ နေအိမ်အဆောက်အဦများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ခိုအောင်းနေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်ရာ အကြမ်းဖက် သောင်းကျန်းသူများက နေအိမ်များကို အကာအကွယ်ပြု၍ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။ နန်းမယ်ခုံမြို့အတွင်း ခိုအောင်းနေသော အကြမ်းဖက်သောင်းကျန်းသူ ခေါင်းဆောင်များက လက်နက်၊ ခဲယမ်းများ အင်အားဖြည့်ပြီး အချို့အင်အားစုများမှာ လွိုင်ကော်မြို့သို့ ယာဉ်များဖြင့်ထွက်ခွာလာကြောင်း သတင်းအရ သောင်းကျန်းသူများ၏ စစ်ကူပစ်ကူများအား တပ်မတော်က လေကြောင်း၊ အမြောက်တို့ဖြင့် ပိုင်းဖြတ်ပစ်ခတ်၍ ထိန်းချုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝန်းအတွင်း၌ ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ သာသနာ ၂၅၀၀ ဝန်း မြောက်ဘက် ၄၅ လမ်းဘက်မှနေ၍ Click ဆိုင်ကယ်စီးနင်းလာသည့် PDF အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ဝင်းအတွင်းရှိ ပန်းစိုက်ခင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ကာ လူထိခိုက်မှု မရှိကြောင်း သိရှိရသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကုန်သည်လမ်းပေါ်ရှိ မြို့နယ်လျှပ်စစ်ရုံးတွင် ဇန်နဝါရီ (၁၆) ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယင်းနေရာအနီး ဖြတ်သန်းသွားလာသူတစ်ဦး ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်းနှင့် ဇန်နဝါရီ (၁၃) ရက် နံနက်ပိုင်းကလည်း အလုံမြို့နယ် သခင်မြပန်းခြံဘေးတွင် ရပ်ထားသည့် YBS ၅၆ ယာဉ်ရှေ့ဘီးပေါ်တွင် တင်ထားသည့် အထုပ်တစ်ထုပ်မှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး YBS ယာဉ် (၄) စီးတွင် ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။ |
| | | ကချင်ပြည်နယ် ဖားကန့်မြို့တွင် မနောကော်မတီဥက္ကဋ္ဌဟောင်း ဦးတန်ဘောင်လဆိုင်းသည် ဥရုချောင်းရှင်းလင်းရေး စစ်ဆေးနေစဉ် ယမန်နေ့ နံနက်ပိုင်းက သေနတ်ဖြင့်ပစ်သတ်ခံခဲ့ရသည်။ ဦးတန်ဘောင်လဆိုင်း၏ အနောက်မှ သေနတ်အတိုဖြင့် ပစ်ခတ်သွားခြင်းဖြစ်ပြီး မည်သည့်အတွက်ကြောင့် လုပ်ကြံခံရသည်ကို စုံစမ်းသွားမည်ဖြစ်ကြောင်း ဆွေမျိုးတော်စပ်သူတစ်ဦးက ပြောသည်။ ၎င်းသည် ဖားကန့်တွင် ဒေသအရေး၊ ကချင်တိုင်းရင်းသားများအရေး ဆောင်ရွက်နေသူအဖြစ် လူသိများသည်။ ကချင်ပြည်နယ်၌ လုပ်ကြံသတ်ဖြတ်ခံရမှုများ ဖြစ်ပွားလျက်ရှိရာ မိုးညှင်းတွင် နှစ်ဦး၊ ဟိုပင်တွင် ကိုးဦး၊ နန်းမားတွင် သုံးဦး၊ ဖားကန့်တွင် ၁၁ ဦး၊ တာလောကြီးတွင် ငါးဦး၊ မြစ်ကြီးနားတွင် တစ်ဦး၊ တနိုင်းတွင် နှစ်ဦး၊ ကာမိုင်းတွင် သုံးဦး၊ မိုးမောက်တွင် နှစ်ဦး၊ ဗန်းမော်တွင် တစ်ဦးရှိခဲ့ပြီး လေးလအတွင်း လုပ်ကြံသတ်ဖြတ်ခံရသူ (၃၉) ဦး ရှိပြီ ဖြစ်သည်။ ယင်းတွင် လုယက်မှုများကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ မပါဝင်သေးပေ။ |
| | | မြန်မာ – ထိုင်းနယ်စပ် မြဝတီဒေါနတောင်ကျော် အာရှလမ်း ကွမ်းခြံကွေ့အနီးတွင် ဇန်နဝါရီလ (၁၆) ရက်၊ မွန်းလွဲ (၁) နာရီခန့်က လောင်စာဆီတင်ယာဉ်နှစ်စီး ပစ်ခတ်ခံရပြီး ယာဉ်မောင်းနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ မီးငြိမ်းရန်လာသည့် မီးသတ်ယာဉ်ထပ်မံပစ်ခတ်ခံရကြောင်း မြဝတီအရန်မီးသတ်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မြဝတီဒေါနတောင်ကျော်လမ်းတွင် လောင်စာဆီသယ်ယာဉ် ပစ်ခတ်ခံရမှု (၄) |

| | | |
|---|---|---|
| | | ကြိမ်အထိ ရှိလာပြီး ဆီတင်ယာဉ် (၂) စီး မီးလောင်ပျက်စီးခဲ့ကာ ယာဉ်မောင်း (၃) ဦး အထိ သေဆုံးခဲ့ရပြီးဖြစ်သည်။ |
| | | အလုံမြို့နယ် ကမ်းနားလမ်း ထော်လီကွေ့အနီးရှိ HTOO စက်သုံးဆီဆိုင်တွင် ဇန်နဝါရီ (၁၆) ရက်၊ နံနက် (၄) နာရီကျော်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်ပေါက်ကွဲမှုကြောင့် စက်သုံးဆီဆိုင် တစ်ဆိုင်လုံးနီးပါး ပျက်စီးသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို Level – 1 ယာဉ်အုပ်စုဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ပြီး နံနက် (၄) နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ လူထိခိုက်မှုမရှိကြောင်း သိရသည်။ |
| ၁၇။ | ၁၇. ၁. ၂၀၂၂ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ (၁၂) ရက်အထိ ဖိုးဖောက်ခွဲမှု အပါအဝင် အကြမ်းဖက်မှု ၄၀၄၄ ကြိမ် ဖြစ်ပွားခဲ့ပြီး ကျူးလွန်သူနှင့် ကျူးလွန်ရန် ကြံစည်သူ ၁၁၅၄၉ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၃၄၅၁ လက်၊ ခဲယမ်းမျိုးစုံ ၁၆၀၆၇၉ တောင့်၊ လက်ပစ်ဗုံး ၇၃၆ လုံး၊ လက်လုပ်မိုင်း ၇၉၀၂ လုံး သိမ်းဆည်းရရှိခဲ့ပြီး မီးရှို့ဖျက်ဆီးခြင်းခံရသည့် စာသင်ကျောင်း ၅၀၀ နီးပါးရှိပြီး ပညာရေးဝန်ထမ်း (၂၀) ဦး သတ်ဖြတ်ခံခဲ့ရကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက အတည်ပြုခဲ့သည်။ |
| | | COVID – 19 ဓာတ်ခွဲနမူနာ ၈၈၈၅ ခုအား စစ်ဆေးရာ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၁ ဦး တွေ့ရှိပြီး (၂) ဦး ထပ်မံသေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ (၁၇) ရက်တွင် ထုတ်ပြန်သည်။ ဇန်နဝါရီ (၁၆) ရက်၊ ည (၈) နာရီမှ ဇန်နဝါရီ (၁၇) ရက်၊ ည (၈) နာရီအထိ COVID–19 ဓာတ်ခွဲနမူနာ (၈၈၈၅) ခုအား စစ်ဆေးရာ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၁) ဦး တွေ့ရှိပြီး (၂) ဦး ထပ်မံသေဆုံးခဲ့ခြင်းဖြစ်သည်။ တွေ့ရှိသည့် လူနာသစ်များထဲတွင် အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ယူအေအီးနှင့် စင်္ကာပူနိုင်ငံများမှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ (၄၂) ဦး ပါဝင်ကြောင်း သိရသည်။ ဇန်နဝါရီ (၁၇) ရက်၊ ည (၈) နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၂၁၂,၈၇၇ ခုအား စစ်ဆေးခဲ့ပြီးဖြစ်ကာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၅၃၃,၂၄၅ ဦး တွေ့ရှိပြီး သေဆုံးသူ စုစုပေါင်း ၁၉,၃၀၄ ဦး ရှိပြီဖြစ်သည်။ |
| | | ဇန်နဝါရီ (၁၆) ရက်၊ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဥသျှစ်ကုန်းကျေးရွာ၊ ပန်းကုန်းသာဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ကျောင်း၌ မတွေ့ရှိရသဖြင့် ဆွမ်းလာပို့သည့် ဒါယိကာ/ဒါယိကာမများက လိုက်လံရှာဖွေရာ ည (၉) နာရီခန့်တွင် ဘုန်းကြီးကျောင်း၏ အနောက်ဘက် (၂) ဖာလုံခန့်အကွာ လယ်ကွက်အတွင်း၌ ခန္ဓာကိုယ်အပေါ်ပိုင်း ဓါးဒဏ်ရာများနှင့် အောက်ပိုင်းတွင် မီးရှို့ခံထားရသည့် ဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရကြောင်းနှင့် မုံရွာမြို့၊ ရွာထောင် ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကိုရင်ကြီး ဇဝန(ခ)ငြိမ်းချမ်းသည်ဆိုင်ကယ်စီး အမျိုးသားတစ်ဦး၏ ရိုက်နှက်မှုကြောင့် ယာဘက်နားအောက် ညိုမဲဒဏ်ရာ၊ ဝဲမျက်ခုံးအထက် စုတ်ပြဲဒဏ်ရာ၊ နားနှင့် နှာခေါင်း သွေးထွက်ဒဏ်ရာများရရှိကာ စက်မှုဇုန်ရပ်ကွက်၊ စိန်ပန်းလမ်းပေါ်၌ ပျံလွန်တော်မူခဲ့ရကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ အကြမ်းဖက်အဖွဲ့များ၏ သတ်ဖြတ်မှုကြောင့် ယနေ့အထိ သံဃာတော်အပါး (၂၀) ပျံလွန်တော်မူခဲ့ပြီး (၇) ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ |
| | | တအာင်း(ပလောင်) အမျိုးသားပါတီ၏ မိုင်းကိုင်မြို့နယ် ပါတီဥက္ကဋ္ဌဖြစ်သူ မိုင်းနုမ်ဟန် အပါအဝင် မိသားစု (၃) ဦး ပျောက်ဆုံးနေခြင်းကို စိုးရိမ်ပူပန်ကြောင်း တအာင်းနိုင်ငံရေး |

| | | |
|---|---|---|
| | | အတိုင်ပင်ခံကော်မတီ (TPCC) က ဇန်နဝါရီ (၁၅) ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဇန်နဝါရီ (၁၀) ရက်က မိုင်းနုမ်ဟန်၊ ၎င်း၏ဇနီးတို့သည် ခုနစ်လသားအရွယ်ကလေးနှင့်အတူ မယ်ချိနုကျေးရွာမှ မိခင်၏အသုဘသို့ သွားရောက်ပြီး မိုင်းကိုင်မြို့သို့ ပြန်လာစဉ် ပန်လော့ကျေးရွာအနီးတစ်ဝိုက်၌ အဆက်အသွယ်ပြတ်ကာ ပျောက်ဆုံးနေကြောင်း၊ ယနေ့အထိ မိုင်းနုမ်ဟန်မိသားစုနှင့် အဆက်အသွယ်မရသည့်အပေါ် တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ (TPCC) အနေဖြင့် အလွန်စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ "ဦးတင်အောင်+ဒေါ်ခင်ခင်ကြီး" ရွှေဆိုင်နှင့် အပေါင်ဆိုင်လုပ်ငန်းသို့ ဇန်နဝါရီ (၁၆) ရက်၊ နံနက်ပိုင်းက လူ(၅)ဦးသည် ဆိုင်ကယ်(၂)စီးဖြင့် ရောက်ရှိလာပြီး ရွှေပေါင်ချင်သည်ဆိုပြီး ပိုင်ရှင်များအား သေနတ်ဖြင့်ချိန်ရွယ်ကာ နေအိမ်အိပ်ခန်းအတွင်း ချုပ်နှောင်၍ ဆိုင်ခန်းအတွင်းမှ TA တံဆိပ်ပါ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု (အလေးချိန် ၁ ပိဿာ ၆၅ ကျပ်သားခန့်)၊ ကာလတန်ဖိုးငွေ သိန်း ၃၀၆၉ ကျပ်ကို လုယက်ယူဆောင်သွားခဲ့ကြောင်းနှင့် အိပ်ခန်းအတွင်းနှင့် မှန်ကောင်တာပေါ်၌ ရေသန့်ဘူး လက်လုပ်မိုင်း (၂) လုံး ထောင်ထားခဲ့ကာ တိုင်ကြားပါက ဖောက်ခွဲ၍ သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆို ထွက်ခွာသွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၈။ | ၁၈. ၁. ၂၀၂၂ | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နိုလန်ဟေဇာသည် ထွက်ပြေးလာသူများကို အကူအညီပေးရာတွင် နိုင်ငံတကာ ကြိုးပမ်းမှုများကို ထောက်ပံ့ပေးရန်နှင့် အာဆီယံနှင့် လက်ရှိအစိုးရတို့ သဘောတူထားခဲ့သည့် ဘုံသဘောတူညီချက် (၅) ရပ်ကို ဆောင်ရွက်ရေးအတွက် ဖိအားပေးရန် ထိုင်းဝန်ကြီးချုပ်ပရာယွတ်နှင့် တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်။ မြန်မာတပ်မတော်သည် ထိုင်းနိုင်ငံနှင့် ကာလရှည်ဆက်ဆံရေးများ ရှိထားသည်ဟု လေ့လာဆန်းစစ်သူများက ပြောကြားပြီး တပ်မတော်က စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်လာမည်ဆိုပါက ဒုက္ခသည်များ ပိုမိုများပြားလာနိုင်သည်ကို ထိုင်းအစိုးရက စိုးရိမ်နေသည်။ ထိုင်းဒုက္ခသည်စခန်းတွင် လူပေါင်း (၁၃၀၀၀) ကျော် ရှိနေဆဲဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ မြန်မာ့အရေးမှာ ရှုပ်ထွေးပြီး ထိုပြဿနာကို မြန်မာနိုင်ငံနှင့် နားလည်မှု တဖြည်းဖြည်းရယူခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့မှတစ်ဆင့် ဖြေရှင်းသင့်သည်ဟု ပရာယွတ်က ပြောကြားသည်။ |
| | | မြန်မာ – ထိုင်းနယ်စပ် မြဝတီတစ်ဖက်ကမ်း တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်မြို့နယ်၊ မဲ့လကျေးရွာဘက်မှ ထိုင်းနိုင်ငံအတွင်းသို့ လူပွဲစားများနှင့်အတူ ဇန်နဝါရီ (၁၇) ရက်က တရားမဝင် ဝင်ရောက်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး (၉၁) ဦး ဖမ်းဆီးခံရကြောင်း သိရသည်။ ထို့အတူ ထိုင်း – မြန်မာနယ်စပ် ကန်ချနာဘူရီခရိုင်၊ ဆိုင်ယို့မြို့နယ်တွင် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့သည့် မြန်မာ (၄၄) ဦးကို ဇန်နဝါရီ (၁၆) ရက်က ဖမ်းဆီးခဲ့ကြောင်းနှင့် ဇန်နဝါရီ (၁၇) ရက်ကလည်း ကန်ချနာဘူရီခရိုင် ထောင်ဖာဖူးမြို့တွင် မြန်မာ (၁၈) ဦးနှင့် တရားမဝင် မြန်မာလုပ်သား (၄၁) ဦး ထပ်မံဖမ်းဆီးရမိကြောင်း ထိုင်းနိုင်ငံဘက်က သတင်းထုတ်ပြန် သည်။ |
| | | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက် နောက်ပိုင်း ဖြစ်ပွားသည့် တိုက်ပွဲများနှင့် လုံခြုံရေးအခြေအနေများကြောင့် တိုက်ပွဲရှောင် ထွက်ပြေးသူဦးရေမှာ ၃၂၀၉၀၀ ဟု UNOCHA Myanmar က ဇန်နဝါရီ (၁၇) ရက်တွင် ထုတ်ပြန်သည့် သတင်းလွှာတွင် ဖော်ပြထားသည်။ လူသားချင်းစာနာမှုတုံ့ပြန်ရေးဆိုင်ရာ အစီအစဉ်အရ တောင်းခံထားသည့် အမေ |

| | | |
|---|---|---|
| | | ရိုကန်ဒေါ်လာ ၃၈၅ ဒသမ ၇ သန်း ထဲမှ ၅၈ ရာခိုင်နှုန်းဖြစ်သည့် ၂၂၅ ဒသမ ၃ သန်းကို ရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် လူသားချင်းစာနာမှု အကူအညီလိုအပ်ချက် ခြုံငုံသုံးသပ်ချက်အရ လူဦးရေ ၁၄ ဒသမ ၄ သန်းသည် အကူအညီများ လိုအပ်မည်ဖြစ်ကြောင်း၊ လူဦးရေ ၆ ဒသမ၂ သန်းကို အကူအညီပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၈၂၆ သန်း လိုအပ်မည်ဟု UNOCHA Myanmar ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | ချောင်းဆုံမြို့နယ် ခရိုက်ဒူးကျေးရွာနှင့် ခရိုက်နီးဟု ကျေးရွာများတွင် ဇန်နဝါရီ (၁၈) ရက် နံနက်ပိုင်းက ပစ်ခတ်မှုအချို့ ဖြစ်ပွားခဲ့ပြီး သံလွင်တံတား (ချောင်းဆုံ) ကို ယာယီပိတ်ထားကြောင်း သိရသည်။ ခရိုက်ဒူးကျေးရွာတွင် လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု ဖြစ်ပွားခဲ့ပြီး ခရိုက်နီးဟု ကျေးရွာ၌ ပစ်ခတ်မှုအချို့ရှိခဲ့ကြောင်း၊ ထို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများ လုပ်ဆောင်သည့်အတွက် မွန်းလွဲ (၁) နာရီခန့်မှ စတင်၍ သံလွင်တံတား (ချောင်းဆုံ) ကို ယာယီပိတ်ထားခဲ့ပြီး ညနေ (၄) နာရီ ဝန်းကျင်ခန့်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ |
| | | ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်၊ လသာမြို့နယ်၊ ကမ်းနားလမ်းနှင့် (၁၉)လမ်းထိပ်ရှိ UAB ဘဏ်အား သေနတ်အတုဖြင့် ဝင်ရောက်လုယက်သူ (၁) ဦးအား ဘဏ်ဝန်ထမ်းနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ |
| ၁၉။ | ၁၉. ၁. ၂၀၂၂ | ဇန်နဝါရီ (၁၈) ရက်၊ ည (၈) နာရီမှ ဇန်နဝါရီ (၁၉) ရက်၊ ည (၈) နာရီအထိ COVID–19 ဓာတ်ခွဲနမူနာ ၁၀၈၅၈ ခုအား စစ်ဆေးရာ အတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိပြီး တစ်ဦး ထပ်မံသေဆုံးကြောင်း ဇန်နဝါရီ (၁၉) ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ဇန်နဝါရီ (၁၉) ရက်၊ ည (၈) နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၂၃၄၅၅၉ ခုအား စစ်ဆေးခဲ့ပြီး ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၅၃၃၆၀၄ ဦး ရှိကာ သေဆုံးသူ တစ်ဦးရှိသဖြင့် သေဆုံးသူ စုစုပေါင်း ၁၉၃၀၆ ဦးရှိ ကြောင်း၊ ဇန်နဝါရီ (၁၉) ရက်တွင် ဆေးရုံဆင်းခွင့်ရရှိသူ ၁၄၇ ဦးရှိသဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၁၁၆၃၀ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ |
| | | မွန်ပြည်နယ်၊ ကျိုက်မရောမြို့ပေါ်ရှိ ပင်လုံလမ်းနှင့် ဘောလုံးကွင်း အနောက်လမ်းထောင့် အမှိုက်ပုံတွင် နံနက် (၆) နာရီခွဲခန့်က (၈) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အမှိုက်လာပစ်စဉ် မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သောကြောင့် ယင်းကလေးငယ်တွင် ဒဏ်ရာများရရှိခဲ့ပြီး ထိုဒဏ်ရာဖြင့်ပင် သေဆုံးခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောကြားခဲ့သည်။ ၁၈–၁–၂၀၂၂ နေ့ကလည်း မြို့နယ်လျှပ်စစ်ရုံး၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့သည်။ ဇန်နဝါရီ (၁၇) ညပိုင်းက သံဖြူဇရပ်၊ ဗုဒ္ဓကလျာဏယုဝအသင်း (YMBA) အတွင်းရေးမှူး ဦးဌေးအောင်သည် ၎င်းနေထိုင်ရာ ကျုံကဒတ်ကျေးရွာ အဝင်လမ်းဝတွင် သေနတ်ဖြင့် အပစ်ခံရပြီး သေဆုံးခဲ့သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ကစင်ကျေးရွာ ရာအိမ်မှူးနှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာ ရာအိမ်မှူးတို့လည်း ဇန်နဝါရီ (၁၈) ရက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။ |
| ၂၀။ | ၂၀. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ဝန်ကြီးချုပ်က အစိုးရအဖြစ် |

| | | |
|---|---|---|
| | | တာဝန်ယူစဉ်ကာလအတွင်း နိုင်ငံအတွင်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များ၊ အာဆီယံ အပါအဝင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး ကောင်စီဝင်များမှ ဒေသအလိုက် လိုအပ်ချက်များ ဆွေးနွေးတင်ပြကြသည့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ရန် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၌ PDF အဖွဲ့က အမျိုးသား (၄) ဦး၊ အမျိုးသမီး (၂) ဦးတို့အား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့ရာမှ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၂) ဦးသေဆုံး၍ အမျိုးသား (၁) ဦး လွတ်မြောက်ခဲ့ကြောင်း သိရှိရသည်။ ဇန်နဝါရီလ (၁၈) ရက်၊ ည (၈) နာရီခွဲတွင် PDF အကြမ်းဖက်အဖွဲ့ အင်အား (၄၀) ခန့်သည် မင်းကင်း၊ မအူကုန်း(မြောက်)ကျေးရွာသို့ ရောက်ရှိလာပြီး ဦးရာအေးနှင့်ဇနီး၊ ဦးကျော်စံဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်နိုင်ဦးနှင့် ဦးစိုးလေး (ခ) တောကျီးတို့အား ဖမ်းဆီးပြီး ကျေးရွာအနောက်ဘက် (၃)ဖာလုံခန့်အကွာရှိ သင်္ချိုင်းသို့ ခေါ်ဆောင်သွား၍ ဓားများဖြင့် ဝိုင်းဝန်း ထိုးခုတ်၊ သေနတ်ဖြင့်ပစ်ခတ် သတ်ဖြတ်ခဲ့ရာ ဦးရာအေး အပါအဝင် (၅) ဦး သေဆုံးခဲ့ပြီး ဦးစိုးလေးသည် လည်ပင်းပြတ်ရှဒဏ်ရာ (၁)၊ သေနတ်ဒဏ်ရာ (၁) ဖြင့် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ဇန်နဝါရီလ (၁၉) ရက်နေ့ မွန်းလွဲ (၁၂) နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မေတ္တာမြိုင်ရပ်ကွက်နေ ဒယ်ရောက်မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့သည် ခင်ပွန်း၊ သမီးတို့နှင့်အတူ နေအိမ်၌ရှိနေစဉ် အကြမ်းဖက် အမျိုးသား (၄) ဦးသည် သေနတ်များကိုင်ဆောင် ရောက်ရှိလာပြီး ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဦးဆင်ကျော်နှင့် ဒေါ်သန်းသန်းနွဲ့တို့သည် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကာ သမီးဖြစ်သူတွင် သေနတ်ဒဏ်ရာ (၁)ချက် ရရှိခဲ့ကြောင်းနှင့် ၎င်းနေရာ မှ A USA 320 AUTO ကျည်ခွံ (၁) ခုနှင့် MM 6 NRO LUSER ကျည်ခွံ (၁) ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာ၌လည်း မူလတန်းလွန်ကျောင်းမှ ကျောင်းဆရာဖြစ်သူ ဦးသန်းအောင်အား CDM မလုပ်သည့် အတွက်ကြောင့်လည်းကောင်း၊ ဦးချိုကြီးအား ဒလန်ဟုစွပ်စွဲ၍လည်းကောင်း သတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။ |
| ၂၁။ | ၂၁. ၁. ၂၀၂၂ | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာ့နှင်းဆီအိမ်ရာနေ ဖြိုးဇေယျာသော် (ခ) မောင်ကျော် (ခ) ရေခဲနှင့် အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ကျော်မင်းယု (ခ) ဂျင်မီတို့အား ရန်ကုန်မြို့အတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား သတ်ဖြတ်ရာတွင် လက်နက်ငှားရမ်းထောက်ပံ့ခြင်း၊ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ညွှန်ကြားခြင်း၊ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှု ပြုလုပ်ခြင်းတို့ လုပ်ဆောင်ခဲ့သဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည) တို့အရ “သေဒဏ်” ချမှတ်လိုက်ကြောင်း သိရှိရသည်။ |
| | | ကယားပြည်နယ် လွိုင်ကော်တွင် ဇန်နဝါရီ (၁၁) ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ကို ရှင်းလင်းအသိပေးပြီးဖြစ်သည်။ နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့က စိုးရိမ်ပူပန်ကြောင်း သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ရာ အချို့က အပြုသဘောနှင့် မျှတစွာဖော်ပြချက်များ ရှိသကဲ့သို့ အချို့က စိစစ်အတည်ပြုနိုင်မှုမရှိသည့် သတင်းအရင်းအမြစ်များ၊ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော အဖွဲ့အစည်း |

| | | |
|---|---|---|
| | | များ နှင့် မီဒီယာများ၊ အကြမ်းဖက်များထံမှ ရရှိသည့် အချက်အလက်များကို အခြေခံပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ KNPP နှင့် PDF များ၏ လုပ်ရပ်သည် အရပ်ဘက် အဆောက်အအုံများကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ အရပ်သားများကို လူသားတံတိုင်းသဖွယ် အသုံးပြုခြင်း၊ အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှု ကျူးလွန်ခြင်းဖြစ်သည်။ နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံပဲ ရှုတ်ချသွားရန် သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။ |
| | | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ (၆) ရက်တွင် ကြည့်မြင်တိုင်၊ ပန်းလှိုင်အိမ်ရာ၌ ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့ အရှေ့ပိုင်းခရိုင်တာဝန်ခံ လင်းထက်(ခ)မဟူရာ (၃၆)နှစ်နှင့် ဇော်ကိုကို (၃၅)နှစ်တို့အား သေနတ်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။ လင်းထက်၏ ထွက်ဆိုချက်အရ သာကေတ၌ အနောက်ပိုင်းခရိုင်တာဝန်ခံ နေလင်းအောင်(ခ)ဖိုးကျော်၊ ဇော်ကိုကို၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံ၌ အောင်ကျော်ဇော(ခ)အောင်မြင့်မြတ်၊ လှည်းကူး၌ ဝိုင်းချစ်ထူးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဆက်စပ် ထွက်ဆိုချက်များအရ စုစုပေါင်း တရားခံ ကျား (၄၃) ဦး၊ မ (၅) ဦးတို့အား လက်နက် ငယ်မျိုးစုံ ၂၈ လက်၊ လုပ်သေနတ် ၂ လက်နှင့် အခြားလက်နက်ခဲယမ်းများ၊ ဖောက်ခွဲရေး ပစ္စည်းများ၊ FCG–9 သေနတ်ထုတ်လုပ်သည့် 3D Printer စက် (၄) လုံးနှင့် ယင်းသေနတ် အစိတ်အပိုင်းများ သိမ်းဆည်းရမိခဲ့သည်။ တရားခံများသည် အကြမ်းဖက်ဖောက်ခွဲမှု (၂၉) ကြိမ်နှင့် လုပ်ကြံသတ်ဖြတ်မှု (၁၀) ကြိမ် ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။ |
| ၂၂။ | ၂၂. ၁. ၂၀၂၂ | ဇန်နဝါရီ (၂၁) ရက် ညနေပိုင်းတွင် ကယားပြည်နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဟိုဖိတ်ကျေးရွာ၌ အကြမ်းဖက်သမားများက ဖမ်းဆီးပြီး လူသားတံတိုင်းအဖြစ် အသုံးပြုခဲ့သည့် ဦးစိုးထွေး(၅၀)နှစ်နှင့် အမည်(စိစစ်ဆဲ) အမျိုးသမီး (၁) ဦးတို့အား ထိပ်တုံးခတ်လျက် တွေ့ရှိခဲ့ရပြီး အမျိုးသမီးမှာ မျက်လုံးများ ထိုးဖောက်ဒဏ်ရာဖြင့် သေဆုံးနေကာ ဦးစိုးထွေးမှာ စိုးရိမ်ရဒဏ်ရာများဖြင့် တွေ့ရှိရကြောင်း၊ စိစစ်ချက်အရ ဇန်နဝါရီ (၁၇) ရက်က လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၌ လုံခြုံရေးစစ်ကြောင်းများနှင့် အကြမ်းဖက်များ ထိတွေ့မှုဖြစ်ပွားခဲ့ရာ ၎င်းဖြစ်စဉ်၌ ဦးစိုးထွေးအား ဒလန်အဖြစ်စွပ်စွဲဖမ်းဆီးပြီး နှိပ်စက်ခဲ့ကြကြောင်းနှင့် လုံခြုံရေးအဖွဲ့များ ရောက်ရှိလာသောအခါ ဖမ်းဆီးထားသူများအနက်မှ (၃) ဦးကို ၎င်းတို့နှင့်အတူ ခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ယခုဖြစ်စဉ်၌ အကြမ်းဖက်များဘက်မှ KNPP ယူနီဖောင်းဝတ်နှင့် အရပ်ဝတ် အလောင်းအချို့၊ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့၏ လုံခြုံရေးစခန်း (၂) ခုအား နံနက် (၃) နာရီခွဲခန့်တွင် အကြမ်းဖက်သမားအင်အား (၁၀၀) ဦးခန့်စီက သာလွန်အင်အားသုံး၍ လက်နက်ကြီး/ငယ်များဖြင့် တစ်ပြိုင်တည်း လာရောက်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။ တိုက်ခိုက်မှုကြောင့် စခန်းများမှ ခေတ္တဆုတ်ခွာခဲ့ရပြီး အကြမ်းဖက်သမားများက စခန်းများအတွင်းရှိ ရုံးအဆောက်အဦ (၁) လုံးနှင့် လူနေ အဆောက်အဦ (၁) လုံးတို့အား မီးရှို့ဖျက်ဆီးခဲ့ကြသည်။ လုံခြုံရေးစစ်ကြောင်းများမှ သွားရောက်စိစစ်ရာ ရဲတပ်ဖွဲ့ဝင် (၁) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့နှင့် လက်နက်ငယ်အချို့ ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ပင်စည်ကျေးရွာအနီး၌ PDF များ၏ ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သူ (၂) ဦးအား ဆေးကုသရန် မန္တလေးမြို့သို့ ထွက်ခွာလာသည့် |

| | | |
|---|---|---|
| | | Mini Bus ခရီးသည်တင်ယာဉ်အား ဇန်နဝါရီ (၂၁) ရက် နံနက်ပိုင်းတွင် မိုင်တိုင်အမှတ် ၁၂၀ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ PDF များက မိုင်းထောင်ဖောက်ခွဲခဲ့ကြကြောင်း သိရသည်။ ဖောက်ခွဲမှုကြောင့် ယာဉ်မောင်း အပါအဝင် ယာဉ်နောက်လိုက် (၂) ဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ကယားပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းကို နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့က သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ထုတ်ပြန်ရာတွင် အချို့က အပြုသဘောနှင့် မျှတစွာ ဖော်ပြချက်များ ရှိသကဲ့သို့ အချို့ကလည်း စိစစ်အတည်ပြုနိုင်မှု မရှိသည့် သတင်းအရင်းအမြစ်များ၊ အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသော အဖွဲ့အစည်းများနှင့် မီဒီယာများ၊ အကြမ်းဖက်အဖွဲ့အစည်းများထံမှရရှိသည့် အချက်အလက်များကိုအခြေခံပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည့်အတွက် မည်သည့်ပုံစံ၊ မည်သည့်အသွင်သဏ္ဍာန်ဖြင့်မဆို ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်မခံ ရှုံ့ချရန် ကယားပြည်နယ်တိုက်ပွဲများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ (၂၁) တွင် သတင်းထုတ်ပြန်ခဲ့သည်။ |
| | | ထိုင်းနိုင်ငံဘက်သို့ တရားမဝင် ဝင်ရောက်ခဲ့သည့် မြန်မာနိုင်ငံသားများ နေ့စဉ်ဖမ်းဆီးခံနေရကာ ဇန်နဝါရီ (၂၀) ရက် တစ်ရက်တည်းတွင် ၂၈၀ ကျော် ဖမ်းဆီးခံရကြောင်းနှင့် ဇန်နဝါရီလ သုံးပတ်အတွင်း ဖမ်းဆီခံရသူ ၂၃၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီဥက္ကဋ္ဌ ဦးမိုးကြိုးက ပြောဆိုခဲ့သည်။ |
| ၂၃။ | ၂၃. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိမြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြို့တော်ခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးမြို့ရှိ ဘာသာရေးအသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် အသင်းရန်ပုံငွေအဖြစ် တစ်သင်းလျှင် ကျပ်သိန်း (၁၅၀) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၌ မီးငြှိမ်းသတ်ပြီးပြန်လာသည့် မီးသတ်ယာဉ်တစ်စီးအား PDF များက မိုင်းဆွဲတိုက်ခိုက်သဖြင့် မီးသတ်ယာဉ်၏ လေကာမှန်ပျက်စီးကာ မီးသတ်တပ်ဖွဲ့ဝင်(၁)ဦး၌ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ |
| | | စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ် ဈေးလမ်းပေါ်ရှိ KBZ ဘဏ် (၁) တွင် ဇန်နဝါရီ (၂၂) ရက် ညနေ (၆) နာရီကျော် ဝန်းကျင်ခန့်က ဗုံးနှစ်လုံးဆက်တိုက် လာရောက် ပစ်ခွဲခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ KBZ ဘဏ်တည်ရှိရာ ဈေးလမ်းပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးမှာ ဘဏ်ရှေ့အရောက် ဆိုင်ကယ်ရပ်တန့်ကာ လက်ပစ်ဗုံးနှစ်လုံးဆက်တိုက် ပစ်သွင်းဖောက်ခွဲသွားခဲ့ခြင်း ဖြစ်သည်ဟု မျက်မြင်ကြုံခဲ့ရသူတစ်ဦးက ပြောကြားခဲ့သည် ။ |
| ၂၄။ | ၂၄. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့သို့ သွားရောက်ခဲ့သည်။ သံမဏိစက်ရုံ (မြင်းခြံ)၌ ၂၀၂၀ – ၂၀၂၁ ခုနှစ်အတွင်း ပြည်ပမှ |

| | | |
|---|---|---|
| | | သံနှင့် သံမဏိပစ္စည်း ဒေါ်လာ ၉၉၅ သန်းခန့် တင်သွင်းခဲ့ရသဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းကို မြှင့်တင်၍ ပြည်ပမှ တင်သွင်းမှုများကို လျှော့ချသွားရန်၊ သံမဏိထုတ်လုပ်ရန် နိုင်ငံအတွင်း အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များ ရှိပြီးဖြစ်သဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းစေလိုကြောင်း၊ ဘိလပ်မြေကုန်ကြမ်း ထွက်ရှိသည့် ဒေသများတွင် ဘိလပ်မြေစက်ရုံများလည်း ထပ်မံတည်ဆောက်ရန်လိုကြောင်း စသဖြင့် ပြောကြားသည်။ ရေအား လျှပ်စစ်စီမံကိန်းများသည် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသော်လည်း ပြန်လည်ရရှိသော အကျိုးအမြတ်မှာ တန်ဖိုးဖြတ်၍မရအောင် ကြီးမားကြောင်း၊ ရဲရွာရေအားလျှပ်စစ်စက်ရုံ စတင်လည်ပတ်ချိန်မှစ၍ ထွက်ရှိသော လျှပ်စစ်ယူနစ်များ၏ တန်ဖိုးကိုတွက်ချက်ပါက စက်ရုံတည်ဆောက်မှု ကုန်ကျစရိတ်အား ပြန်လည်ရရှိပြီး ဖြစ်သည့်အပြင် ပြည်သူများအတွက် များစွာအထောက်အကူပြုပြီးဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စီမံကိန်းများကို အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင်လည်း မလိုအပ်သည့် သုံးစွဲမှုများကို လျှော့ချရန်၊ LED မီးကဲ့သို့သော မီးများပြောင်းလဲ အသုံးပြုရန်၊ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်မှုပိုင်းတွင် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုသကဲ့သို့ သုံးစွဲမှုအပိုင်းကိုလည်း တတ်နိုင်သမျှ လျှော့ချရန်လိုကြောင်းဖြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိ ဝန်ထမ်းများအား တွေ့ဆုံစဉ် မှာကြားခဲ့သည်။ |
| | | ကယားပြည်နယ်အတွင်း ၂၀၂၂၊ ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားရာ နေရာများနှင့် လွတ်ကင်းသည့် နေရာများသို့ တိမ်းရှောင်လျက်ရှိသည့် လွိုင်ကော်မြို့ပေါ် အပါအဝင် အဆိုပါဒေသတစ်ဝိုက်မှ ပြည်သူများကို နယ်မြေတည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏မူလဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ (၂၂၂) ဦးတို့ ထပ်မံပြန်လည်ဝင်ရောက်လာကြောင်း သိရှိရသည်။ |
| | | ဇန်နဝါရီလ (၂၄) ရက်နေ့ မွန်းလွဲ (၁၂) နာရီ (၅၀) မိနစ် ခန့်က ပခုက္ကူမြို့ အမှတ် (၃) ရပ်ကွက် မြို့ပတ်လမ်းနှင့် ထင်းတန်းလမ်းထောင့်ရှိ KBZ Bank (Mini) ရှိ ATM စက် ဗုံးခွဲဖျက်ဆီးခံခဲ့ရသည်။ |
| | | မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ကျေးရွာ ရာအိမ်မှူးတစ်ဦး၏ နေအိမ်သို့ ဆိုင်ကယ်စီးလာသူ အမျိုးသားနှစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲမှုကြောင့် နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ |
| | | လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ဝန်းတွင် အမျိုးသားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ပြီး ဇန်နဝါရီလ (၂၃) ရက်နေ့ ညနေ (၆) နာရီခွဲခန့်က ဈေးစည်ပင်ရုံးရှေ့တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ယင်းရုံးရှေ့ရှိ စည်ပင်ဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။ |
| ၂၅။ | ၂၅. ၁. ၂၀၂၂ | အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လူမှုကွန်ရက်များမှတစ်ဆင့် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို နည်းမျိုးစုံ |

| | | |
|---|---|---|
| | | ဖြင့် ပြုလုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်သည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံဘဏ္ဍာအဖြစ် သိမ်းယူခံရနိုင်ကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ |
| | | နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၂၀၂၂ ဇန်နဝါရီ (၂၅) ရက် သတင်းထုတ်ပြန်ချက်အပေါ် အလေးအနက်ထား လိုက်ပါဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် Video Conferencing ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများ၊ ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသူ လူပုဂ္ဂိုလ်များ၏ လှုံ့ဆော်ဝါဒဖြန့်မှုများအပေါ် လိုက်ပါပြုလုပ်ခြင်း မပြုကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရနိုင်သည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ပြည်သူလူထုအားလုံး သိရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး လေးလေးနက်နက် ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ |
| | | ဇန်နဝါရီ (၂၄) ရက်၊ မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့နယ်၊ ဘာဒိုကျေးရွာ အဆောက်အဦ (၁)လုံးအတွင်းမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့တွင် တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသည့် အသင်းအဖွဲ့ (AVSI) People For Development ဆိုင်းဘုတ်ကို တွေ့ရှိသဖြင့် ဝင်ရောက်စစ်ဆေးရာ လက်ဆွဲအိတ် ၁၂၀ လုံး၊ ဆီ ၅၅၀ ဘူး၊ စောင် ၁၀၀ ထည်၊ စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ စိစစ်ချက်များအရ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF များကို ထောက်ပံ့ရန် လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်နေကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ဇန်နဝါရီလ (၂၅) ရက်နေ့က ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင်နှင့် ကန်ချနာဘူရီခရိုင်များတွင် တရားမဝင် ဝင်ရောက်သည့် မြန်မာနိုင်ငံသား (၂၅၀) ကျော် တစ်နေ့တည်းဖမ်းဆီးခံရကြောင်း သိရသည်။ ဇန်နဝါရီလ (၂၄) ရက်နေ့က မြန်မာနိုင်ငံသား (၂၅၅) ဦးကို ကန်ချနာဘူရီနှင့် ပရာကျွတ်ခီရီခံ ခရိုင်များ၌ နေရာများခွဲပြီး ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလ (၂၃) ရက်နေ့တွင်လည်း ပရာကျွတ်ခီရီခံခရိုင်အတွင်း ထိုင်းလုံခြုံရေးတပ်ဖွဲ့များ ကင်းလှည့်နေစဉ် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား (၁၀၀) ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းတပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာ – ထိုင်း နယ်စပ်များမှတစ်ဆင့် တရားမဝင် နယ်စပ်ဖြတ်ကျော် သွားလာသည့် |

| | | |
|---|---|---|
| | | မြန်မာနိုင်ငံသားများမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နေရာများကို အဓိကရွေးချယ်လာပြီး ကန်ချနာဘူရီနှင့် ပရာကျွတ်ခီရီခံ ခရိုင်များတွင် ဖမ်းဆီးခံရမှုအများဆုံး ဖြစ်လာနေသည်ဟု သိရသည်။ |
| | | ပြည်ထောင်စုဝန်ကြီးဟောင်း ဦးမင်းသူအား ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် NLD တံဆိပ်ပါ တီရှပ်နှင့် လွယ်အိတ်များ ဝယ်ယူရန် ငွေကျပ်သိန်း ၆၇၀ ကျော် ရယူခဲ့ခြင်း ကိစ္စနှင့် ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ |
| ၂၆။ | ၂၆. ၁. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန် လိုအပ်မှုနှင့် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံသို့ စေလွှတ်မည့်ကိစ္စ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်တွင်းအကြမ်းဖက်မှု ပပျောက်ရေးဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်လာရောက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ |
| | | ဇန်နဝါရီလ (၂၅) ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ပေကုန်းကျေးရွာ လ/ထမြို့နယ်ပညာရေးမှူး ဦးဥာဏ်ဝင်း (၃၉)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် အကြမ်းဖက် အမျိုးသား (၆) ဦး ရောက်လာပြီး သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ ဦးဥာဏ်ဝင်းနှင့် (၅) နှစ်အရွယ် သားငယ်ဖြစ်သူတို့သည် ဦးခေါင်းပွင့်ထွက်ဒဏ်ရာ၊ ဝမ်းဗိုက်ပွင့်ထွက်ဒဏ်ရာတို့ အသီးသီးရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ရပြီး အသက် (၈)နှစ်အရွယ် သားကြီးဖြစ်သူတွင် ယာပေါင်ကျည်ဖောက်ဝင် ဒဏ်ရာ (၁) ချက် ရရှိခဲ့ကြောင်း သိရှိရသည်။ |
| | | ဇန်နဝါရီလ ၁၈ ရက်က “kaung Wai Yan” အမည်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ဘဏ်အကောင့်အတွင်းရှိ ငွေနှင့် ငွေသား လဲလှယ်လိုကြောင်း ဖော်ပြထားသည်ကို တွေ့ရသဖြင့် မရမ်းကုန်းမြို့နယ်၊ တော်ဝင်အိမ်ရာနေ ဦးအောင်ခန့်ဖြိုးနှင့် ဇနီးတို့သည် ငွေကျပ် ၅၉၅ သိန်းနှင့်အတူ ချိန်းဆိုထားသည့်နေရာ၌ သွားရောက်စောင့်ဆိုင်းစဉ် YGN-6D/6839 Mark-II ဖြင့် အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၂) ဦး ရောက်ရှိလာပြီး ၎င်းတို့ (၂) ဦးအား လက်ထိပ်ခတ်ချုပ်နှောင်ကာ ငွေကျပ် (၅၉၅) သိန်းအပြင် ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် (၃)သိန်းကိုပါ ယူဆောင်ထွက်ပြေးသွားခဲ့သည်။ ယင်းဖြစ်စဉ်မှ တရားခံများအား စုံစမ်းဖော်ထုတ်ရာ ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့၌ ဘဏ်အကောင့်အတွင်းရှိ ငွေနှင့် ငွေသားလဲလှယ်လိုသူများအား ချိန်းဆိုကာ အုပ်စုဖွဲ့လုယက်မှု ကျူးလွန်နေသည့် အဖွဲ့ကို ဖော်ထုတ်ရမိခဲ့သည်။ တရားခံ ကျား (၁၀) ဦးအား ဖမ်းဆီးရမိခဲ့ပြီး (၄) ဦး ထွက်ပြေးလွတ်မြောက်နေကြောင်း သိရသည်။ ထိုအဖွဲ့သည် လုယက်မှု (၈) ကြိမ် ကျူးလွန်ခဲ့ပြီးဖြစ်ကာ ငွေသား စုစုပေါင်း (၃၅၈၂) သိန်းကျော် လိမ်လည်ထားပြီးဖြစ်ကြောင်း သိရသည်။ |
| | | ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၌ “ကျော်ဇောလင်း” ရွှေဆိုင်အား အမျိုးသား |

| | | |
|---|---|---|
| | | (၅) ဦး (စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားကြောင်း သိရသည်။ ဇန်နဝါရီ ၂၅ ရက်၊ မွန်းလွဲပိုင်းက “ကျော်ဇောလင်း” ရွှေဆိုင်၌ အရောင်းဝန်ထမ်း(၂) ဦး ဆိုင်ကောင်တာတွင် ရှိနေပြီး ကျန်ဝန်ထမ်း (၄) ဦး ထမင်းစားနေစဉ် ဆိုင်ရှေ့သို့ WISH မော်တော်ယာဉ် ၁ စီး ရောက်ရှိလာပြီး ယင်းယာဉ်ပေါ်မှ ဆင်းလာသည့် Mask အမဲရောင်တပ်ဆင်ထားသော အမျိုးသား (၄) ဦးသည် ပစ္စတိုသေနတ် ၁ လက်နှင့် တုတ်/ဓားများ ကိုင်ဆောင်၍ ဆိုင်အတွင်းသို့ ဝင်ရောက်လာပြီး ရွှေဆွဲကြိုး (၂၂၁) ကုံး၊ ရွှေလက်ကောက် (၅၉) ကွင်း၊ ရွှေဆွဲသီး (၁၄၅) ခု၊ ရွှေဟန်းချိန်း (၁၆) ခု၊ ရွှေဆံကုတ် ၁ ခု၊ စုစုပေါင်း ရွှေထည်ပစ္စည်း မျိုးစုံ (အလေးချိန် ၂ ပိဿာ ၂၁ ကျပ်သား၊ တန်ဖိုးငွေကျပ် ၃၇၆,၀၂၀,၀၀၀ ခန့်) ကို လုယက်ယူဆောင်ကာ နောင်ချိုမြို့ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန် ချက်အရ သိရသည်။ |
| | | ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်သွားရောက်သူ မြန်မာနိုင်ငံသား ၁၃၆ ဦးမှာ တောလမ်းတစ်နေရာတွင် ဖမ်းဆီးခံရသည်။ ၎င်းတို့ကို ထိုင်းနိုင်ငံ ကန်ချနာဘူရီ ခရိုင်အတွင်း ဖမ်းဆီးရမိခြင်းဖြစ်ပြီး ဇန်နဝါရီလ (၂၅) ရက်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် နှစ်နေရာခွဲပြီး ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းတပ်မတော်ပြည်သူ့ဆက်ဆံရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ |
| | | ဇန်နဝါရီလ (၂၆) ရက်နေ့ နံနက် (၈) နာရီခွဲခန့်က ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅) ရပ်ကွက်၊ ၁၁၁ လမ်း၊ ၆၉×၇၀ လမ်းကြားရှိ အမက (၁၆) စာသင်ကျောင်းရှေ့တွင် ဈေးဝယ်ပြန်လာသည့် ရပ်ကွက်ရာအိမ်မှူးလင်မယားအား အမည်မသိ အမျိုးသားနှစ်ဦးမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ဇနီးဖြစ်သူ သေဆုံးခဲ့သည်။ |
| | | လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ၉ လမ်းထောင့်၊ လူကုန်းခုံးကျော်တံတားဘေးရှိ မြို့နယ်လျှပ်စစ်ရုံးတွင် ဇန်နဝါရီလ (၂၆) ရက်နေ့ နံနက် (၁၁) နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ မြို့နယ်လျှပ်စစ်ရုံး တတိယထပ်ရှိ စီမံဘဏ္ဍာရုံးခန်းရှေ့တွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ် ချထားကြောင်းတွေ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့သို့ အကြောင်းကြားနေစဉ် အထုပ်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ |
| ၂၇။ | ၂၇. ၁. ၂၀၂၂ | တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နှစ်ရက်အတွင်း ကျပ်သိန်း (၆၀၀) ကျော်တန်ဖိုးရှိ တရားမဝင်သစ်မျိုးစုံနှင့် စားသောက်ကုန်များ၊ စစ်ကိုင်းတိုင်းတွင် တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိကြောင်း ဇန်နဝါရီလ (၂၇) ရက်နေ့တွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။ |
| | | ထိုင်းနိုင်ငံအတွင်းရှိ ပရာကျွတ်ခီရီခံခရိုင်နှင့် ကန်ချနာဘူရီခရိုင်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား (၃၆၀) ကျော်ကို ဇန်နဝါရီလ (၂၇) ရက်နေ့ နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ထိုင်းတပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ |
| ၂၈။ | ၂၈. ၁. ၂၀၂၂ | ဒုတိယအကြိမ်မြောက် အာဆီယံဒီဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးပြီးနောက် သတင်းထုတ်ပြန်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ဆိုက်ဘာနယ်ပယ်ကို လုံခြုံမှုရှိစေရေး၊ ဆိုက်ဘာခြိမ်းခြောက် တိုက်ခိုက်မှုများကို ကာကွယ်တုံ့ပြန်နိုင်ရေးနှင့် ဆိုက်ဘာလုံခြုံမှု အသိပညာပေးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်က ပြောကြားခဲ့သည်။ |

| | | |
|---|---|---|
| | | မန္တလေးမြို့တွင် အမရပူရမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် ဇန်နဝါရီလ (၂၇) ရက်နေ့ တစ်ရက်တည်းတွင် အမျိုးသားနှစ်ဦး သေနတ်ပစ်ခံရမှုကြောင့် သေဆုံးမှု ဖြစ်ပွားခဲ့သည်။ |
| | | ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်ဝန်ကြီးဟောင်း ဦးစိုးညွန့်လွင် အပါအဝင် သုံးဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အမှုလေးမှုအတွက် တောင်လေးလုံး အကျဉ်းထောင် တရားရုံးက တစ်မှုလျှင် ထောင်ဒဏ်လေးနှစ်ဖြင့် စုစုပေါင်း ထောင်ဒဏ် (၁၆) နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။ |
| | | မြန်မာနိုင်ငံ၌ ဇန်နဝါရီလ (၂၇) ရက်နေ့အထိ COVID-19 မျိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း (၂၁၁) ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ရောဝဏ်လမ်းရှိ အမှတ် ၂ နယ်မြေရဲစခန်းသည် ဇန်နဝါရီလ (၂၇) ရက်၊ ည (၈) နာရီခန့်က သေနတ်ဖြင့် ပစ်ခတ်ခံရမှု ဖြစ်ပွားရာမှ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ကြောင်း ရဲစခန်းအနီး နေထိုင်သူများထံမှ သိရသည်။ |
| ၂၉။ | ၂၉. ၁. ၂၀၂၂ | အကြမ်းဖက်အုပ်စုအဖြစ် ကြေငြာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဟု နစက သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။ |
| | | ဇန်နဝါရီ (၂၇) ရက်နေ့ ည ၁၀ နာရီ ၄၅ မိနစ်အချိန် ယင်းမာပင်မြို့နယ်၊ အောင်ဇေယျမြို့သစ်ရှိ သီတဂူချင်းတွင်းသာမဏေကျော် ဗုဒ္ဓတက္ကသိုလ်သို့ PDF များက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ဗုံးသီးများ ကျရောက်ပေါက်ကွဲခြင်း၊ မီးတုတ်များကြောင့် မီးလောင်ကျွမ်းခဲ့ပြီး စာသင်သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ထန်းရွက်မိုး၊ ထရံကာ အဆောက်အဦနှစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ |
| | | ကယားပြည်နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိတွေ့တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာနေရာနှင့် လွတ်ကင်းသည့်နေရာများသို့ တိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား နယ်မြေပြန်လည် တည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏ နေရာဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေပြီး လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ (၅၅၅) ဦးတို့သည် နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက် နေထိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ |
| | | ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားဒေသ မြစ်ကြီးနား – မန္တလေးလမ်းမကြီး နံဘေးတွင် ဇန်နဝါရီလ (၂၇) ရက်နေ့က မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ယင်းနေ့တွင်ပင် လုံခြုံရေးတပ်ဖွဲ့ဝင်များက HOPO ကီးပက်ဖုန်းဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းနှစ်လုံးကို နန်းမားဒေသ အင်ကြင်းကုန်းနှင့် ညောင်ကုန်းကျေးရွာအစပ်ကြား လမ်းဘေးတစ်ဘက်စီတွင် တွေ့ရှိရှင်းလင်းခဲ့ရသည်။ |

| | | |
|---|---|---|
| | | ဇန်နဝါရီလ (၂၈) ရက်နေ့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ မြို့ကုန်းကျေးရွာမှ အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူသည် နေအိမ်တွင် ပစ်သတ်ခံခဲ့ရသည်။ |
| | | ဇန်နဝါရီလ (၂၇) ရက်နေ့ ညပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မြဝတီ – ကော့ကရိတ် ကားလမ်းပေါ်တွင် ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခံရကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ |
| | | သာကေတမြို့နယ်၊ မင်းနန္ဒာလမ်းမကြီးရှိ Fortune Plaza ရှေ့ဝန်းကျင်နှင့် ဝက်စုကားမှတ်တိုင်ကြားတွင် ဇန်နဝါရီလ (၂၉) ရက်နေ့ ညနေ (၅) နာရီခန့်တွင် ယာဉ်စစ်ပိတ်ဆို့ရန်သွားသော ယာဉ်တန်းပစ်ခတ်ခံခဲ့ရပြီး ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာ (မစိုးရိမ်ရ) နှင့် လမ်းသွားလမ်းလာတစ်ဦး ဝမ်းဗိုက်တွင်ကျည်ထိမှန် (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ |
| | | ဇန်နဝါရီလ (၂၈) ရက်နေ့မွန်းလွဲပိုင်းက မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရွာသာအေးကျေးရွာရှိ Mytel တာဝါတိုင်အား မိုင်းခွဲဖျက်ဆီးခံခဲ့ရကြောင်း သံဖြူဇရပ်ဒေသခံများ၏ ပြောဆိုချက်အရ သိရသည်။ |
| | | ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း တာချီလိတ်ခရိုင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်၌ ကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ၊ စိတ်ကြွ ရူးသွပ်ဆေးပြား (၁၈၀၀) ပြားများအပြင် ပွိုင့် ၂၂ သေနတ်ကိုယ်ထည် (၁) ခု၊ ပွိုင့် ၂၂ ပြောင်း (၁) ခု၊ ပွိုင့် ၂၂ စနိုက်ပါမှန်ပြောင်း (၁) ခု၊ ၄၀ မမဖုံးသီး (၃) လုံး၊ လက်ပစ်ဗုံးမျိုးစုံ (၈) လုံး၊ ကျည်မျိုးစုံ (၆၅၂) တောင့်နှင့် သေနတ်လွယ်ကြိုး (၅) ချောင်း စသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများပါ ဖမ်းဆီးရမိခဲ့ကြောင်း CCDAC Myanmar ၏ ထုတ်ပြန်ချက်အရ သိရသည်။ |
| | | ဇန်နဝါရီလ (၂၈) ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်၊ ရတနာလမ်းတွင် ရာအိမ်မှူးတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရမှု ဖြစ်ပွားခဲ့ကြောင်း ယင်းရပ်ကွက်တွင် နေထိုင်သူများမှ ပြောသည်။ ရတနာလမ်းအတွင်း လမ်းလျှောက်နေစဉ် ဆိုင်ကယ်စီးလာသူ တစ်ဦးက ပစ်သတ်သွားခြင်းဖြစ်ကြောင်း သိရသည်။ |
| | | ဇန်နဝါရီလ (၂၈) ရက် ည ၉ နာရီခန့်တွင် ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ ကောင်းမှုတုံ ရပ်ကွက် ကြာဖြူခန်းမလမ်းသွယ်၌ အမျိုးသမီးတစ်ဦးကို လူသုံးဦးက ဓားဖြင့်ဝိုင်းခုတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ကလေးမွေးဖွားမည့်လူနာအား လိုက်ပါပို့ဆောင်သည့် လူမှုကူညီရေးယာဉ်တစ်စီး မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရသဖြင့် ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လူမှုကူညီရေးယာဉ် ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ |
| ၃၀။ | ၃၀. ၁. ၂၀၂၂ | ဇန်နဝါရီလ (၃၀) ရက်နေ့ နံနက် (၄) နာရီခန့်တွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စည်ပင်လမ်းရှိ တရုတ်ငွေလဲလှယ်သော နေအိမ်အား ဓားပြတိုက်ပြီး ပြန်ထွက်လာသည့် လူငါးဦးပါ ဓားပြအဖွဲ့နှင့် လုံခြုံရေးကင်းလှည့်နေသော အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားခဲ့ရာ တစ်ဦးကို အသေဖမ်းမိခဲ့ကြောင်း မူဆယ်မြို့ခံများထံမှ သိရသည်။ |
| | | ထိုင်းနိုင်ငံ မဲဆောက်မြို့တောင်ပိုင်း ဖုတ်ဖရမြို့နယ်စပ်သို့ မြန်မာနိုင်ငံ မြဝတီမြို့နယ်မှ သောင်ရင်းမြစ်ကို တရားမဝင် ဖြတ်ကျော်ဝင်ရောက်ပြီး ဘန်ကောက်မြို့အပါအဝင် ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်ကြမည့် မြန်မာနိုင်ငံသား (၄၈) ဦးကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ ထိုင်းနိုင်ငံ |

| | | |
|---|---|---|
| | | ဘက်သို့ တရားမဝင် ဝင်ရောက်သည့် မြန်မာနိုင်ငံသား ၆၀၀၀၀ မှ ၈၀၀၀၀ အထိ ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းတပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။ |
| | | ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင် ဆိုင်ယို့မြို့နယ်တွင် တရားမဝင် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တင်ဆောင်လာသည့် ကားတစ်စီးအား ကျေးရွာလုံခြုံရေးက ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ |
| | | ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကျပ် ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း CCDAC Myanmar ၏ ထုတ်ပြန်ချက်အရ သိရသည်။ |
| | | ဇန်နဝါရီလ (၂၉) ရက်နေ့ မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ကော့စနိုင်ရပ်ကွက် တံတားအနီးရှိ ရဲကင်းအား ဆိုင်ကယ်စီးလာသူ လူနှစ်ဦးက ဗုံးဖြင့်ပစ်သွားပြီး ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့သည်ဟု ကျိုက်ထိုမြို့ခံတစ်ဦးက ပြောခဲ့သည်။ |
| ၃၁။ | ၃၁. ၁. ၂၀၂၂ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝက်ကျုံးကျေးရွာ၌ ဒေါ်နန္ဒသီရိ(ခ)ဒေါ်ထွေးကြည် (၅၇)နှစ် ၁၅ ဝါရှိ သီလရှင်ဆရာကြီးအား အကြမ်းဖက်သူ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦးတို့သည် Mask များတပ်ဆင်လျက် ဆိုင်ကယ် (၂) စီးဖြင့် ကျောင်းရှေ့သို့ ရောက်ရှိခဲ့ပြီး ၎င်းတို့အနက်မှ အမျိုးသား (၃) ဦးသည် ခြံစည်းရိုးအုတ်တံတိုင်းအား ကျော်တက်ဝင်ရောက်ပြီး ပစ္စတိုသေနတ်ဖြင့် (၂) ချက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။ |
| | | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့၌ ကျရောက်သည့် (၇၃) နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက သဝဏ်လွှာပေးပို့ခဲ့သည်။ ယင်းသဝဏ်လွှာတွင် စစ်အာဏာရှင်စနစ်၊ လူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်အမျိုးမျိုး၏ရန်မှ ကင်းလွတ်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ အစစ်အမှန်ကို တည်ထောင်နိုင်ရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းထားသည်။ |
| | | တပ်မတော်အနေဖြင့် နယ်စပ်ဒေသ လုံခြုံရေးနှင့် သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ခဲ့သည်။ ယင်းသတင်းထုတ်ပြန်ချက်တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်၏ ဒါးကွင်းခြေကုပ်စခန်းအား KNLA တပ်မဟာ (၅) အဖွဲ့နှင့် PDF များက ဇန်နဝါရီလ (၃၀) ရက် ညပိုင်းတွင် လက်နက်ကြီး/လက်နက်ငယ်များ အသုံးပြုပြီး သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ |
| | | မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာဆီယံနှင့် အပြုသဘော ဆက်ဆံမှုပြုရေးကို ရည်ရွယ်၍ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားမှ ခန့်အပ်မည့် အထူးကိုယ်စားလှယ်အသစ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ (၂၉) ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ |
| | | ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်အပေါ် မလျော်ဩဇာလွှမ်းမိုးခြင်း စွဲချက်ဖြင့် ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးမင်းသူတို့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၃၀ (က)ဖြင့် စတင် တရားစွဲဆိုခဲ့ပြီး အမှုအား ရက်ပေါင်း (၁၈၀) အတွင်း အပြီးစစ်ဆေးရန် လျာထားကြောင်း သိရသည်။ |
| | | စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ အိန္ဒိယနိုင်ငံများမှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ (၂၇) ဦးတွင် အိုမီခရွန်ရောဂါပိုးတွေ့ရှိပြီး ယင်းရောဂါပိုး တွေ့ရှိသူ |

| | | |
|---|---|---|
| | | ဦးရေ (၃၁၀) အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီလ (၃၀) ရက်နေ့ညနေပိုင်းတွင် PDF များက ရွာ၏ တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်လာရာမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး PDF များသည် ကျေးရွာအား မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် ကျေးရွာရှိ နေအိမ် ၂၀၀ လုံးခန့် မီးလောင်ပျက်စီးခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ |
| | | မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် မော်တော်ဆိုင်ကယ်အတွင်း သိုဝှက် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၀၀ ပြားသိမ်းဆည်းရမိခဲ့ကြောင်း CCDAC MYANMAR ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ |
| | | မန္တလေးမြို့တွင် ခိုးဆိုးလုယက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး ဆိုင်ကယ်လုယက်မှု ကျူးလွန်သူများမှာ အုပ်စုဖွဲ့ကျူးလွန်လျက်ရှိပြီး လုယက်ရာ၌ လူကို အသက်အန္တရာယ်ဖြစ်စေသည်အထိ တုတ်ဖြင့် ရိုက်နှက်ခြင်း၊ ဓားဖြင့်ခုတ်ခြင်း စသည်ဖြင့် လုယက်မှုများ ကျူးလွန်နေကြောင်း သိရသည်။ |
| | | မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ မြို့နယ်အခွန်ဦးစီးဌာနရုံးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ရှေ့နေရာများတွင် ဇန်နဝါရီလ (၃၁) ရက်နေ့ နံနက်ပိုင်းတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် လူထိခိုက်မှုနှင့် အဆောက်အအုံပျက်စီးမှု မရှိခဲ့ကြောင်း ကျိုက်ထိုမြို့ခံတစ်ဦးက ပြောခဲ့သည်။ |
| | | မူဆယ်မြို့လယ်ကောင် နာရီစင်အနီး အမှတ် (၁) မူဆယ်မြို့မ စည်ပင်သာယာဈေးကြီးဘေးကပ်လျက်လမ်းကြား၌ လူစည်ကားချိန် မွန်းလွဲ (၁) နာရီခွဲခန့်တွင် ပြည်သူ့စစ်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးသည် သေနတ်ဖြင့် အနီးကပ် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းနေ့တွင်ပင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာအုပ်စု မော်တောင်းလုံရွာအနီး၌ ဘိလပ်မြေ တင်ဆောင်ထားသော ၂၂ ဘီး တွဲကားတစ်စီး မီးရှို့ခံရပြီး ကားဆရာနှင့် တွဲခေါင်းမှာ ပျောက်ဆုံးနေကြောင်း သိရှိရသည်။ |
| | | ကချင်ပြည်နယ်၊ ပူတာအိုဒေသနှင့် ပူတာအို-မြစ်ကြီးနား ကားလမ်းဝန်းကျင်တွင် နေထိုင်သူများ မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲ၊ သယ်ဆောင်၊ စိုက်ပျိုးခြင်း မပြုရန်၊ တပ်မတော်နှင့် ဆက်နွယ်သည့် စားသောက်ကုန် ရောင်းချခြင်းနှင့် ဒေသခံပြည်သူများ ပိုင်ဆိုင်သည့်မြေတွင် ရွှေတူးခြင်းများကို မပြုလုပ်ရန် ကေအိုင်အိုက ဇန်နဝါရီလ (၃၀) ရက်နေ့တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။ မြစ်ကြီးနား-ပူတာအို ကားလမ်းကို ညနေ (၅) နာရီမှ နံနက် (၆) နာရီအတွင်း ဖြတ်သန်းသွားလာခြင်းမပြုရန် သတိပေးကြောင်း၊ ထုတ်ပြန် သည့်နေ့မှစ၍ လေးစားလိုက်နာခြင်းမရှိသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများတွင် ဖြစ်ပေါ်သည့် ပြဿနာများကို တာဝန်ယူမည်မဟုတ်ကြောင်း ဖော်ပြထားသည်။ |
| | | ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဇန်နဝါရီ (၂၉) ရက်နေ့ မနက် (၃) နာရီခန့်တွင် မြေမြင့်ရပ်ကွက်၊ နယ်မြေ ၁၂ မှ မြို့သစ်ကြီးနှင့် ခေမာသီရိလမ်းခွဲ Asia Energy စက်သုံးဆီဆိုင်ရှေ့ရှိ MPT အော်တိုပုံးဖောက်ခွဲခံရပြီး ပျက်စီးခဲ့ကြောင်း သိရသည်။ ယင်းနေ့ည (၈) နာရီခန့်တွင်လည်း မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၊ မြန်မာ့မီးရထားတိုင်းရုံး အနီးတွင်လည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၇/၂၀၂၂၊ နိုင်ငံတော် ဖွဲ့စည်းပုံ |

| | | |
|---|---|---|
| | | အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်အား ကျန်းမာရေးကိစ္စဖြင့် မိမိသဘောအလျောက် တာဝန်မှ အနားယူခွင့်ပြုခဲ့သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၈/၂၀၂၂၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး (ခ) ဦးဘူးရယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးတို့အား တာဝန်မှ အနားယူခွင့်ပြုခဲ့သည်။ |
| | | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၂) ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေ ကြေညာပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးတို့ကို ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို ခြုံငုံသုံးသပ်မှုများအရ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ၎င်းတို့ကို အားပေးနေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ လိုလားချက်သည် ဒီမိုကရေစီထက် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေသည့် အခြေအနေများနှင့် လက်ရှိတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အချို့တို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများ ရှိနေသကဲ့သို့ နိုင်ငံအတွင်း မြို့နယ်အချို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားရန် ကျန်ရှိနေသေးသည့် အခြေအနေများကြောင့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၉ အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ တင်ပြခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ အားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလအား ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို ဆုံးဖြတ်ခဲ့ကြသည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**